မော်လမြိုင်မြို့ တောင်ဝိုင်းကလေး
တိုက်ကျောင်းဘုန်းတော်ကြီး
၏

# သတိပဋ္ဌာန်
# ဝိပဿနာလမ်းညွှန်ကျမ်း

သာသနာ ၂၅၂၀ ကောဇာ ၁၃၃၈

ဓမ္မဒါန

မော်လမြိုင်မြို့

# တောင်ဝိုင်းကလေးတိုက်ကျောင်း ဘုန်းတော်ကြီးသည်

ဆိပ်ခွန်ရွာသို့ တရားဟောလာစဉ်
တပည့်တို့အား

## သတိပဋ္ဌာန်ရှုမှတ်နည်း

ကို

အကျဉ်းချုပ်မှတ်သားရန်ရေးသား၍
ပေးခဲ့သော

# ဝိပဿနာလမ်းညွှန်ကျမ်း

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၈၉၅၁)

၁၉၇၆-ခု-ဒီဇင်ဘာလ
ဒုတိယအကြိမ်
အုပ်ရေ-၆၀၀၀
အဖုံးရိုက်-သင့်ဘဝပုံနှိပ်တိုက်
ခမ္ဘဒါန

ထုတ်ဝေသူ။ ။ ဦးဝိစာရိန္ဒ၊ ကင်းလွတ်ခွင့်အမှတ် (၀၃၄၅၃)
သာသနာ့ရိပ်သာ ဟာမစ်တစ်လမ်း၊
ဗဟန်း ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ ဒေါ်ခင်မြင့်-သင့်ဘဝပုံနှိပ်တိုက် (၀၁၁၁)
၁၇၊ မလွှကုန်းလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။

ပဌမဆုံး ထွက်ပေါ်ခဲ့သည့်

# မဟာစည်သာသနာ ခေတ်ဦးစာအုပ်

လောကတွင် သစ်ဆန်း လှပါသည်ဟု ကြွေးကြော် ထွက်ပေါ်လာသော အရာဝတ္ထုတို့သည် သူ့ထက် သစ်ဆန်းသော နောက်နောက် အရာဝတ္ထုများ ထွက်ပေါ် လာသောအခါ အဟောင်းအဖြစ်သို့ ကောင်းကောင်းကြီးရောက်ကြရ၏။ သစ်ဆန်းပါသည်ဆိုသော တချို့နည်းဥပဒေသပညာရပ်သည် နောက်တချိန်မှာ တွေ့ရသော အမြေမှန်အရ မဟုတ်မမှန်ဟု ပစ်ပယ်ခြင်းကိုပင် ခံရတတ်လေသည်။ ဤနည်းနှင်နှင်လူတို့သည် မနေ့က အကောင်းဆုံးဆိုသော အကြံဉာဏ်တို့ကိုပင် ယနေ့ အချိန်မှာ ချက်ကွယ်ပြုကာ ပစ်ပယ်တတ်ကြလေသည်။ လူအများနှင့် ဆုံးဖြတ်ထားသည့်အကောင်းဆုံးဆိုသော ဆုံးဖြတ်ချက်ကိုပင် တနာရီမပြည့်မီ မကောင်းဟု ဆုံးဖြတ်ပြန်ကာ စွန့်ပယ် ပစ်တတ်ကြသည်လည်းရှိသည်။

ဤသတိပဋ္ဌာန်ရှုမှတ်နည်းစာအုပ်ငယ်သည်ကား လွန်ခဲ့သော ၃၇-နှစ်က ထွက်ပေါ်ခဲ့၏၊ သို့သော် ဤစာအုပ်၌ ပါရှိသော ဝိပဿနာ ရှုမှတ်နည်းများသည်ကား ပြုပြင်ပြောင်းလဲစရာ မရှိသော ဧကာယနမဂ္ဂ- တကြောင်းတည်းသော ခရီး- တခုတည်း

သောလမ်းဟောင်း လမ်းမှန်ဖြစ်သည့် သတိပဋ္ဌာန်ရှုမှတ်နည်းများသာ ဖြစ်သောကြောင့် ယခုအချိန်အထိ မရိုးမဟောင်းဘဲ သစ်လွင် တောက်ပ ပီပြင်လျက် အရှိန်အဟုန် ကောင်းစွာဖြင့် နိုးကြားတက်ကြွလျက် ရှိပေသည်။

ဤစာအုပ်မှ သတိပဋ္ဌာန် ရှုမှတ်နည်းတို့သည် စာအုပ်ဖြစ်ပေါ်စ ဟိုအတိတ်ကာလက ခမ်းနားဝင့်ထယ် တင့်တယ်စုံညီ နည်းမှီစံပြုဖြစ်ခဲ့ကြသလိုပင် ယခုခေတ်မှာလည်း မတိမ်မကောပဲ လက်တွေ့ နည်းနှင့် ရောနှောလျက် ရှိသည့်ပြင် နှောင်းခေတ်ယောဂီများနှင့် သုတေသီများအတွက်ပါ အားသစ် အင်သစ်လောင်းလျက် ဦးတည်လှုပ်ရှားနေပေသည်။ ထို့ကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဤစာအုပ်ငယ်ကို **ဝိပဿနာလမ်းညွှန်ကျမ်း**ဟု ရဲတင်းခိုင်မာစွာ နာမည်ပေးလိုက်ခြင်းဖြစ်ဟန်တူပေသည်။

## ဒုတိယအကြိမ် စာအုပ်ဖြစ်ပေါ်လာပုံ

ဤစာအုပ်၏ နောက်ကျောဖုံးတွင် "ဆိပ်ခွန်ရွာ၊ ကျောင်းအစ်မကြီး ဒေါ်ဆင်နှင့်ဦးကံချိန့်-မသောင်း၊မောင်ညွန့်-မဆောင့်၊ မောင်ထွန်းအောင်-မမြကြည်တို့၏ ဓမ္မဒါနကုသိုလ်ဟု တွေ့ရ၏။ ကျောင်းအစ်မကြီး ဒေါ်ဆင်ကား မရှိတော့ပြီ၊ ယခု ဒုတိယအကြိမ် ဤစာအုပ် ဖြစ်ပေါ်လာသည်မှာ ကျောင်းအစ်မကြီး ဒေါ်ဆင်၏မြေးများ ဖြစ်ကြသော ဦးညွန့်-ဒေါ်အေးဆင့်တို့က သူတို့အဖွား၏ ကုသိုလ်ဖြစ်သော အဖိုးတန်ဓမ္မရတနာဖြစ်သည့် ဤ**ဝိပဿနာလမ်းညွှန်ကျမ်း** စာအုပ်ငယ်ကို ပျောက်ကွယ် တိမ်

မြုပ်မသွားစေလိုကြပေ၊ တည်တန့်နေစေချင်ကြ၏၊ အဖွား၏ ကုသိုလ်ကို အသစ်အသစ် ထပ်မံ တိုးပွားနေစေချင်ကြ၏၊ ထို့ကြောင့် အဖွား၏ ကုသိုလ်ကို ဆက်လက်ပြီး ကုသိုလ်ပြုလိုပါကြောင်းကို ဦးညွန့်-ဒေါ်အေးဆင့်တို့က ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးအား လျှောက်ထားကြရာ ဆရာတော် ဘုရားကြီးက ကုသိုလ်ပြုခွင့် ပေးလိုက်ပါသည်။

သို့သော် စာအုပ်မှာ ဒုတိယကမ္ဘာစစ် အပါအဝင် ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာရသဖြင့် ရှားပါးသော စာအုပ်တအုပ်ဖြစ်၍ နေလေပြီ၊ ကုသိုလ်ရှင်က ကိုယ်တိုင်လဲ စာအုပ်ကို ရှာဖွေ၏။ နီးစပ်သူများကလဲ ဝိုင်းဝန်းရှာဖွေကြ၏၊ စာအုပ်ရှာပုံတော် ဖွင့်ရသည်မှာ အချိန်ကာလ ကြာညောင်းသွားတော့၏။

## စာအုပ်ဒုလ္လဘတအုပ်

အချိန်ကြာမြင့်စွာ ပျောက်ကွယ် တိမ်မြုပ် နေသော ဤစာအုပ်ကို ရရှိလာသော ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီး၏ ဇာတိဖြစ်သည့် ဆိပ်ခွန်ရွာမှ ဒကာတဦးက ဝမ်းသာအားရစွာနှင့် ကိုယ်တိုင်ကိုယ်ကျ သယ်ဆောင်လာခဲ့၏၊ သို့သော်လည်း သူသာ ရန်ကုန်ရောက်လာခဲ့ရ၏၊ စာအုပ်လာပို့သူ၏ ခရီးဆောင်ပစ္စည်းများကို ခါးပိုက်နှိုက်ခံရသဖြင့် စာအုပ်မှာကား အခြားပစ္စည်းများနှင့်အတူ သူခိုးနောက်သို့ ကောက်ကောက်ပါသွားရလေသည်။ သို့သော် အားမလျှော့၊ ဤစာအုပ်ရရှိနိုင်မည့် နေရာများကို ဆက်လက်စုံစမ်းပြန်ရာ ဒုတိယအကြိမ် ဤစာအုပ်ငယ်ကို

ရလာပြန်သည်၊ ရပါသော်လည်း နောက်ဆုံး စာသားတရွက်နှင့် ကျောဘက် အဖုံးစုတ်နေ၍ အခက်အခဲရှိနေပြန်၏။

ထို့ကြောင့် ရှာရပြန်၏၊ နောက်ဆုံး တတိယအကြိမ် ရှာတွေ့သော စာအုပ်မှာကား အထက်ဖော်ပြပါ ကောင်းမှုရှင်အမည်များ ပါလာသည့် အဖုံးကလေးနှင့်တကွ နောက်ဆုံး စာရွက်ပါ ပါလာသော်လည်းအပေါ်ဒေါင့်စွန်းများစုတ်နေ၍ အပေါ်ဆုံးမှ စာ ၄-ကြောင်းမှာ အပြည့်အစုံ မပါတော့ပေ၊ သို့သော်ကံကောင်းသေးသည်မှာ စုတ်နေသည့် ယင်းစာသားများသည် ပါဠိအကိုး သာဓကများသာဖြစ်၍ မူရင်းပါဠိ စာအုပ်များမှ ကူးယူရ၏၊ ယင်းသို့စီစဉ်ကာဤစာအုပ်ကို မူလကောင်းမှုရှင်များဖြစ်ကြသော အဆိုပါ ဦးညွန့်နှင့် ဒေါ်အေးဆင့်တို့က မ,တည်လှူဒါန်း၍ အခြားသော ကုသိုလ်ရှင်များကလည်း ပါဝင်လှူဒါန်းကြကာ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ ဤသို့ဤပုံ အခက်အခဲအမျိုးမျိုးကြုံကာ ထွက်ပေါ်လာရသော စာအုပ် ဖြစ်သောကြောင့် ဤစာအုပ်ကို စာအုပ်ဒုလ္လဘာဟုဆိုလိုက်ခြင်း ဖြစ်ပါသည်။

ဦးပဥ္စင်းတို့သည် ဤစာအုပ်ငယ်ကို မတွေ့ရဘူးမီ ယခင်ကဆိုလျှင် ၁၃၀၆-ခုနှစ်မှာ ထွက်ပေါ်သော ဝိပဿနာ ရှုနည်းကျမ်းကြီးကို ပဌမဆုံး စာအုပ်ဟု မှတ်သား ထားခဲ့ကြသည်။ ၁၀-၁-၇၆-နေ့ကမှ "ဒီစာအုပ်ကို ပြန်ပုံနှိပ်ရအောင်လက်နှိပ်စက်နဲ့ကူးပေးစမ်း" ဟု ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးကတာဝန်ပေးသောအခါမှ ဤ ဝိပဿနာလမ်းညွှန်ကျမ်း စာအုပ်

သည်သာ ပဌမဆုံး စာအုပ်ဖြစ်ကြောင်းကို သိရပေတော့သည်။

"မူလကျမ်းညွှန်း နံပါတ်များအရာတွင် ယခုခေတ် ဆဋ္ဌမူ စာအုပ်များရဲ့ စာမျက်နှာနံပါတ်ကို လဲလှယ်ပြရမယ်" ဟု အမိန့်ရှိသဖြင့် ကျမ်းညွှန်းရှာကာမှဘဲ ပါဠိ အဋ္ဌကထာ ဋီကာ ၁၇-ကျမ်းတို့မှ စာများကို ၇၁-နေရာ ခွဲ၍ ဖြန့်၍ အနှံ့ပြထားကြောင်းကို ရင်သပ်ရှုမော အံ့သြဘွယ်ရာ တွေ့ရပါတော့သည်။ ထို့ကြောင့် ဤကျမ်းငယ်ကို ကျမ်းညွှန်းနံပါတ်မှတပါး မပြုမပြင်ပဲ ပင်ကိုယ်အတိုင်း ပြန်လည်ရိုက်နှိပ်ထားသော **မဟာစည်** သာသနာခေတ်ဦး ကျမ်းကလေးသာ ဖြစ်ကြောင်းကိုလည်း ထပ်လောင်း၍ သိစေအပ်ပါသည်။

ဤ **ဝိပဿနာ လမ်းညွှန်ကျမ်း** ၌ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ၇၁-နေရာ ခွဲ၍ပြထားရာဝယ် ဝိသုဒ္ဓိမဂ်မှ ၂၁-နေရာ မဟာဋီကာမှ ၁၂-နေရာ, သတိပဋ္ဌာနသုတ်မှ ၈-နေရာ, ပဋိသမ္ဘိဒါမဂ်မှ ၆-နေရာ, အဘိဓာယျသုတ်မှ ၆-နေရာ, အခြားကျမ်းများမှ တနေရာစီ နှစ်နေရာစီပြထားသဖြင့် ကမ္မဋ္ဌာန်းနှင့်စပ်ဆိုင်သော ကျမ်းများမှ အများဆုံးပြထားခြင်း ဖြစ်ပေသည်။

ဤသို့ များစွာသော ပါဠိ အဋ္ဌကထာ ဋီကာများကို ကိုးကား၍ ရေးသားထားသော်လည်း နေရာတိုင်းမှာ ပါဠိ စာသား များများကြီးထုတ်၍ အနက် ရှည်ရှည်မြော်မြော်ကြီးကို ဆွဲငင်ပေးနေသည် မဟုတ်ပေ။ ယောဂီဉာဏ်တွေ့ ကိုယ်တွေ့ပါသော သတိပဋ္ဌာန်ရှုမှတ်နည်းကို ဦးတည်၍ သိပ်သည်း ကျစ်လစ် ခိုင်မာစွာနှင့် ရှုမှတ်ပုံ အနှစ်သာရ သက်သက်ကိုသာ

ထုတ်နုတ်ရေးသားရင်း စပ်ရာဆိုင်ရာ ပါဠိ အဋ္ဌကထာဋီကာ တို့ကို တို့ရုံ ပင့်ရုံ ထိရုံ မိရုံ ဟပ်မိရုံမျှ ထပ်ကာ ညှပ်ကာ သူ့နေရာနှင့်သူ အချက်ကျကျ ညှိ၍ ညှိ၍သာ ပြသွားခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ဤစာအုပ်သည် ယောဂီများ၏ အားဆေး တခွက်ဖြစ်၏။ ကမ္မဋ္ဌာန်း ဆရာတို့၏ မှတ်ကျောက်သဖွယ် ဖြစ်၏။ ပါဠိ မြန်မာစာပေ ပညာရှင်တို့၏ ပေကြိုး ပေတန်သဖွယ် ဖြစ်၏။ ဓမ္မကထိကတို့၏ အမြုတေသဖွယ်ဖြစ်၏။ သုတေသီတို့၏ လေ့လာစရာ ရတနာပြတိုက်ကြီးသဖွယ် ဖြစ်၏။ နိက္ခမ္မဓာတ်သ ယခေတ် ရှိသူတို့၏ လက်သုံးဟောင်ဝေ့းသဖွယ်ဖြစ်၏။

ဤကျမ်း၏ သိပ်သည်း ကျစ်လစ်ပုံ၊ စေ့စပ်သေချာပုံ၊ အချက်အလက် ပြည့်စုံပုံ၊ မှန်ကန်တိကျပုံ၊ နက်နဲသိမ်မွေ့ပုံ၊ ပြည့်ဝခိုင်မာ အနှစ်သာရရှိပုံတို့ကို ပညာရှိမှန်က ဖတ်ကြည့်ရုံမျှ ဖြင့်ပင် ရှင်းလင်းသိမြင်ကာ သဘောချင်း အံဝင်ဂွင်ကျ ဖြစ် နေပေလိမ့်မည်။

## ဤသို့ဖြစ်ရခြင်းမှာ အဘယ်ကြောင့်ပါနည်း

ဤကျမ်းပြုသူ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး သည်ကား ပင်ကိုယ်သဘောအားဖြင့်လည်း နက်နဲတည်ငြိမ် သော သဘောရှိသည့်ပြင် အာစရိယ ပါစရိယ နယလက်ကိုင် နည်းလမ်းပိုင်သော မင်းကွန်း သထုံ ဇေတဝန်ဆရာတော် ဘုရားကြီးထံမှ ထုံးမှီစံရ ဆရာနည်းကျကျဖြင့် လေးလကျော် မျှ အားထုတ်ခဲ့ရသောကြောင့်၎င်း၊ အကွန့် အညွန့် အတွန့်

အလွန်မပါဘဲ ပါဠိ အဋ္ဌကထာ ဋီကာနည်းကျကျ သမရိုးကျ ကမ္မဋ္ဌာန်းများကိုသာ ညွှန်ပြဟောကြား ရေးသားခဲ့သော ကြောင့်ရင်း ဤကျမ်း ဤစာသည် ဤသို့ ဤပုံ ပြည့်စုံရခြင်း ဖြစ်ပေသည်။

## ပြည့်စုံပုံမှာ-

ဤစာအုပ် နှာ ၆-တွင် "မြင်ဆဲခဏ၌ မြင်တယ် ဟု မမှတ် လျှင် အနုသယ ကိလေသာ ကိန်းပုံကို ကျဉ်းကျဉ်းနှင့် ပေါ် လွင် ထိမိအောင် ရှင်းပြထား၏။ ထို့အတူ ကြားဆဲ, နံဆဲ, စားဆဲ, ထိဆဲ, သိဆဲခဏတို့၌ မမှတ်လျှင် အနုသယ ကိလေ သာ ကိန်းပုံတို့ကို (၃၃-၃၆-၃၉-၄၃-၄၉) တို့၌ ယောဂီ တွေ့အတိုင်း ရေး၍ သတိပဋ္ဌာန် ပါဠိတော်နှင့် ယှဉ်ကပ်ပြ ထား၏။

၂၇-၃၀-၃၅တို့၌ "ထိုသို့မြင်တယ်ဟု မှတ်စဉ် မည်သည့် ဉာဏ်အခိုက်၌ မည်သည့်အခြင်းအရာအားဖြင့် သိပုံ, ကင်းငြိမ်း ပုံ"တို့ကို ပြထား၏။

၁၁-၌ "ကျက်မှတ်ဆင်ခြင် စဉ်းစားနေသော သူတို့မှာကား ပရမတ် ရုပ်နာမ် သဘာဝလက္ခဏာအစစ် စသည်ကို မသိနိုင် ဘဲ ပညတ်လက္ခဏာ စသည်ကိုသာ သိရကြောင်း" ကို ဥပမာ နှင့်တကွ ထောက်ပြထားပေသည်။

အများအားဖြင့် သွားတယ်, ရပ်တယ်, ထိုင်တယ်, အိပ်တယ် စသည်ဖြင့်သာ ညွှန်ကြားလေ့, ရှုမှတ်လေ့ရှိကြသည်။ မသွားမီ (သွားတယ်ဟု မမှတ်မီ) "သွားချင်တယ်၊ သွားချင်တယ်"

ဟူသော စိတ်ဦးကလေးက စ၍ မှတ်ဖို့ညွှန်ကြားသူ ရှုမှတ်သူများမှာကား နည်းပါးလှပေသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဌာနများ၌ သွားချင်တယ်, ရပ်ချင်တယ်-စသော စိတ်ဦးကလေးများမှ စ၍ မှတ်ရန်ညွှန်ကြားထားရာ ညွှန်ကြားရခြင်း အကြောင်းရင်းများကို နှာ(၅၃-၅၄) တို့၌ ကွက်တိအံကျ ထောက်ပြ ညွှန်ကြားထားပေသည်။

၁၃-၄၆-၅၁-၅၂-၅၃-၅၄ စသည်တို့၌ ရှုမှတ်နည်းများကို မြန်မာ တဇ္ဇာ်ပညတ်ဖြင့် အိမ်သုံး စကားလုံးအတိုင်း ရိုးရိုးစင်းစင်းနှင့် ရှင်းရှင်းလေး ညွှန်ပြသွား၏။

၁၆-၁၇-၂၆-၇၃ တို့၌ တဝီထိလုံး သိမ်းကြုံး၍ မှတ်ရကြောင်းကို ပြထားသည်မှာလည်း နက်ရှိုင်းကျယ်ဝန်းသော အနက်အဓိပ္ပါယ်ဖြစ်ပါလျက် ကျဉ်းကျဉ်းနှင့် ပီပြင်ပေါ်လွင်အောင် ကိုင်ပြသလို ပိုင်နိုင်လှပေသည်။

၈၁-၌ ဒေသနာက္ကမနှင့် ပဝတ္တိက္ကမကို ခွဲခြား၍ အကွက်ကျကျ ထောက်ပြထားသည်။ ၈၅-၌ ထူးခြားသော တဒင်္ဂပဟာန်အကြောင်းကိုလည်း နီးစပ်ရာ အခြားတဒင်္ဂပဟာန်များနှင့် နှိုင်းယှဉ်၍ ပြထားသေး၏။

သူ့ခေတ်နှင့် သူ့အခါ ပရဝါဒီပုဂ္ဂိုလ်ဆိုတာ ရှိစမြဲ မဟုတ်တုံလော၊ ထို့ကြောင့် ၈၇-၌လည်း လောကုတ္တရာမဂ်သာလျှင် အနုသယကို ပယ်နိုင်၏။ လောကီဝိပဿနာသည် အနုသယကို မပယ်နိုင်ဟု ထင်မြင်ယူဆသော ထိုခေတ်က ပရဝါဒီပုဂ္ဂိုလ်များကို ထိထိမိမိကလိ၍ အဋ္ဌကထာ ဋီကာတည်းဟူသော

ပေကြိုး ပေတန်တို့ဖြင့် ညှိနှိုင်းတိုင်းတာ ထောက်ပြပြီးလျှင် ပဋိပတ်၏ ဘေးရန်တို့ကို ဉာဏ်တွေ့အခြေခံသော ပရိယတ္တိ တံတိုင်းဖြင့် အခိုင်အမာ **ကာဝိုင်းရံတား၍** ပြထားပေ၏။

ဤပုံ ဤနည်း ပြည့်စုံထိမိ၍ အနှစ်သာရရှိသော ဤ **ဝိပဿနာ လမ်းညွှန်ကျမ်း**ကို ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်၍ စာဖတ်ပရိတ်သတ်၏ နှလုံးအိမ်သို့ရောက်အောင် ပို့ဆောင်ဆက် သွယ် ပေါင်းကူးပေးရခြင်းဖြင့် စာဖတ်ပရိတ်သတ်၏ စိတ် သန္တာန်ဝယ် တနေ့တရက်မျှ အားထုတ်လိုစိတ် နိက္ခမဓာတ်ကြီးများ ဖြစ်ပွား ပေါ်ပေါက် ကိန်းအောင်းသွားသည် ဆိုလျှင်ပင် ဤအမှာစာ ရေးရကျိုးနပ်ပါပြီ၊ ရက်ရှည်လများ သဲသဲမဲမဲအားထုတ်တော့မည်ဟု ဆုံးဖြတ်နိုင်စိတ် ဖြစ်ပေါ်ပါ လျှင်ကား အဘယ်မှာ ဆိုဘွယ်ရာ ရှိပါတော့မည်နည်း။ ပဋိ ပတ္တိသာသနာတော်အတွက် အားတက်ဘွယ်တရပ် ဖြစ်ပါပေ သည်။

## ဓမ္မစက်ဟူသည် လျှင်မြန်စူးရှ ထက်မြက်လှ၏

ဤစာအုပ်ငယ် ဖြစ်ပေါ်ပြီးနောက် အချိန်အခါအလျောက် တတ်နိုင်သမျှ ဟောပြောပြသရင်း ၉-နှစ်လောက်အကြာ ၁၃၀၉-ခုနှစ်ကမူ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်တရားများကို ကိုယ်တိုင်ကျင့်သုံး၍ ကြည်ညို ယုံ ကြည်ကြသော ဒကာ ဒကာမများသည် **ကမ္ဘာလုံးဆိုင်ရာ ဝိပဿနာဖြန့်ဖြူးရေးအဖွဲ့** ဟု အမည်တပ်၍ အဖွဲ့တခုဖွဲ့ပြီးလျှင် လက်လှမ်းမှီရာမှာ သာသနာပြုကြ၏။ ထိုအဖွဲ့ကို ဖွဲ့စည်းစဉ်

တုန်းက နာမည်ကြီးကျယ်လှပါတကား၊ တကမ္ဘာလုံး နှံ့စပ်ဖို့ မလွယ်ကူဟုပင် ထင်ခဲ့ကြသေးသည်။ သို့သော် ဆရာဒကာ ညီညွတ်စွာ သာသနာပြုရင်းပင် တစတစနှင့် လက်တွေ့ ကျင့်သုံးသူများ တိုးပွားလာသည်နှင့်အမျှ ယုံကြည်သူများမှာ ဆထက်တံပိုး ပွားများလာခဲ့ရာ ယခုအခါတွင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန် ဂုဏ်ရနံ့တို့သည် မြန်မာနိုင်ငံတွင်းဝယ် ရွာအနှံ့ မြို့အနှံ့ နယ်အနှံ့ သင်းပျံ့ကြိုင်လှိုင်သည်သာမက အာရှတိုက်တခွင်လုံးကို ကျော်ဖြတ်၍ ဥရောပ အမေရိကစသော ကမ္ဘာအရပ်ရပ်အထိ ကြိုင်လှိုင်သင်းပျံ့ကာ တိုင်းသိပြည်ကျော် ထင်ပေါ်လှသော ကမ္ဘာကျော် ဆရာတော်ဘုရားကြီး ဖြစ်လာပေသည်။ ယင်းသို့ဖြစ်ရသည်မှာလည်း ဉာဏ်တွေ့အခြေခံသော သတိပဋ္ဌာန်ဓမ္မစက်၏ အစွမ်းသတ္တိကြောင့်ပင်ဖြစ်ပေသည်။ ဓမ္မစက်သည် လျင်မြန်စူးရှ၏။ ခိုင်မာတောင့်တင်း၏။ သေချာကျန၏။ ကွက်တိအံကျ ဖြစ်၏။ ထို့ကြောင့် သတ္တဝါအားလုံး အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကြီးဆီသို့ ဓမ္မစက်တပ်ဆင်ထားသော မဂ္ဂင်ယာဉ်ကြီးဖြင့် စီးနင်းလိုက်ပါနိုင်ကြပါစေဟု-ပတ္ထနာပြုလျက်........

၁၃၃၇-ခု
ဝါဆိုလ

အရှင်ကေလာသ
သာသနာ့ရိပ်သာ
ရန်ကုန်မြို့။

# နိဒါန်း

မဟာကာရုဏိက သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူကုန်သော မြတ်စွာ ဘုရားသခင်တို့၏ လောက၌ ပွင့်တော်မူရခြင်း၏ လိုရင်းပဓာနအကြောင်းကြီးမှာ ဝေနေယျ သတ္တဝါအပေါင်းတို့အား နိဗ္ဗာန်ချမ်းသာကြီးကို ရရှိ ခံစားနိုင်ကြစေရန် ရည်သန်တော်မူခြင်းပင် ဖြစ်ပေသည်။ ထိုရည်သန်တော်မူချက်အတိုင်း နိဗ္ဗာန်ချမ်းသာကြီးကို ခံစားရခြင်းမှာလည်း မိမိတို့သန္တာန်၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြစ်ပေါ်အောင် ဝိပဿနာအလုပ်ကို တကယ်တမ်း အားထုတ်နိုင်သော သူတို့နှင့်သာ သက်ဆိုင်ပေသည်။ ထိုဝိပဿနာအလုပ်ကို အားထုတ်မှုမှာလည်း မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း မှန်ကန်စွာ ဟောပြော ညွှန်ပြသူရှိပါမှ နေရာတကျ ဖြစ်နိုင်ပေသည်။

ထို့ကြောင့် ပိဋကတ်ကျမ်းတို့၌ ကျွမ်းကျင် တတ်မြောက်တော်မူကုန်သော ဆရာတော်ဘုရားကြီးတို့သည် မိမိတို့ စွမ်းနိုင်

သမျှအလေးဂရုပြုကာ ဝိပဿနာအားထုတ်နည်းကို အသီးအသီး ဟောပြော ညွှန်ပြတော်မူကြပေကုန်သည်၊ ထိုသို့ ဟောပြော တော်မူကြသောကြောင့် ပိဋကတ်ကျမ်းဂန်ကို မတတ်၊ မသိ သောသူတို့ပင် ဖြစ်ငြားသော်လည်း အားထုတ်လိုပါက ဝိပဿနာအလုပ်ကို လွယ်လင့်တကူ အားထုတ်နိုင်ကြသည်။ ကျွန်ုပ်တို့အဖို့ လွန်စွာဝမ်းမြောက်ဖွယ်ကြီး ဖြစ်ပါပေသည်။

ယခုအခါ သထုံမြို့ ဇေတဝန်တောကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားသည်လည်း ဝိပဿနာနည်းလမ်းကို ဟောကြား ညွှန်ပြတော်မူကြသော အထက်ပါ ဆရာတော်ဘုရားကြီးတို့တွင် အပါအဝင် တပါး ဖြစ်တော်မူပေသည်။ ၎င်းမင်းကွန်းဆရာတော်ဘုရားကြီးမှာ သီးလုံးဆရာတော်ဘုရားကြီး၏ တပည့်တပါးဖြစ်သော စစ်ကိုင်းတောင်ရိုး အလယ်တောရ ဆရာတော်ဘုရားကြီး၏ ထံမှ နည်းနိသျှကို ခံယူရရှိဘူးသည်ဟူ၏။

ယခုပုံနှိပ်အပ်သော စာတမ်းငယ်ကလေးများကို ရေးသား၍ ကျွန်ုပ်တို့အားပေးခဲ့သော ဘုန်းတော်ကြီး ဦးသောဘန-မှာ လွန်ခဲ့သော ၈-နှစ်လောက်က ၎င်းမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးထံ၌ ခိုမှီး နေထိုင်လျက် နည်းနိသျှကိုခံယူခဲ့ဘူးရာ ဤသတိပဋ္ဌာန်ရှုမှတ်နည်းကို မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ ကေန်ဆိုက်ရောက်စေနိုင်သော ဝိပဿနာ လမ်းဟောင်း လမ်းမှန် အစစ်ဖြစ်သည်ဟု ယုံကြည်နှစ်သက် သဘောကျခဲ့သည် ဖြစ်၍ မြတ်စွာဘုရားတို့ လိုလားတော်မူရင်းဖြစ်သော နိဗ္ဗာန်ချမ်းသာကြီး၏ နီးသော

အကြောင်းအစစ်အမှန် ဖြစ်သည်ဟု ယုံကြည်အပ် ယုံကြည့်ထိုက်လှပေသော ဤသတိပဋ္ဌာန်ရှုမှတ်နည်း ဝိပဿနာ အလုပ်စာရေးကြီးကို မိမိ၏ ဆွေမျိုးဉာတိတို့အား ဟောပြောပြသရန် များစွာလိုလား တောင့်တ,ခြင်း ရှိခဲ့ငြားသော်လည်း အခါအခွင့်မသင့်သေးဟု သဘောရသဖြင့် ငံ့လင့်လျက် နေစဉ်အတွင်းမှာပင် ညီတယောက်သေဆုံးသွားရာ တရား မဟောလိုက် ရသည့်အတွက် များစွာနှောင်တရခဲ့သည်ဟူ၏။

သို့ဖြစ်၍ ၁၃၀၀ပြည့်နှစ် ကဆုန်လအတွင်းမှာ သီတင်းသုံးနေထိုင်မြဲဖြစ်သော မော်လမြိုင်မြို့ တောင်ဝိုင်းကလေးတိုက်ကျောင်းမှ ထွက်ခွာခဲ့၍ မိမိ၏ဇာတိဘူမိဖြစ်သော ရွှေဘိုမြို့ ဆိပ်ခွန်ရွာသို့ ကြွရောက်တော်မူလာပြီးလျှင် (၇)လခန့်မျှ နေထိုင်လျက် ဆွေမျိုး ဉာတိတို့နှင့် တကွ လာရောက် ကြသော ပုဂ္ဂိုလ်အပေါင်းတို့အား သတိပဋ္ဌာန်ရှုမှတ်နည်း ဝိပဿနာ အလုပ်တရားကြီးကို စွမ်းနိုင်သမျှ ဟောပြော ညွှန်ပြတော်မူလေသည်။

ထိုသို့ဟောပြောသည်ကို နာခံ မှတ်သားကြ၍ သဒ္ဓါ ဆန္ဒလွန်စွာ အားကြီးကြကုန်သော ပုဂ္ဂိုလ်ပေါင်း များစွာတို့သည် ၎င်းသတိပဋ္ဌာန် ဝိပဿနာအလုပ်ကို စွမ်းနိုင်သမျှကြိုးစား အားထုတ်ကြကုန်ရာ အချို့သောပုဂ္ဂိုလ်တို့မှာ ဤ သတိပဋ္ဌာန်ရှုမှတ်နည်းကို မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းဟောင်း လမ်းမှန်ဟု ဧကန်ယုံကြည်ချက် ရကြကုန်၍ တသက်ပတ်လုံး အခွင့်သာတိုင်း အားထုတ်ရန် ဆုံးဖြတ်ချက် ရှိကြပေကုန်၏။

# နိဒါန်း

သို့ဖြစ်၍ ဝိပဿနာဓမ္မဒေသကဖြစ်သော ဆရာဘုန်းတော်ကြီးသည် မော်လမြိုင်သို့ မိမိပြန်ကြွသွားသောအခါ ၎င်းတပည့်တို့အား သတိပဋ္ဌာန်ရှုမှတ်နည်းကို ကျမ်းဂန်နှင့် နှီးနှော ဟောပြော၍ အားထုတ်နိုင်ကြစေရန် **ဝိပဿနာလမ်းညွှန်**-ဟု အမည်တပ်ထားသော စာတမ်းတခုနှင့် ပစ္စုပ္ပန်တရားကို ရှေးဦးစွာ ပိုင်းပိုင်းခြားခြားသိအောင် ဝိပဿနာရှုသင့်ကြောင်း ထောက်ထားကိုးကားရန် စာတမ်းတခုအားဖြင့် သာဓကမှတ်စုစာတမ်းငယ် ၂-ခုတို့ကို အကျဉ်းချုပ်ရေးသား၍ ကျွန်ုပ်တို့အား ပေးခဲ့လေသည်။

၎င်းစာတမ်းများကို ကြည့်ရှုလိုသော သူတိုင်း အားရအောင် ကြည့်ရှုခွင့်မရဘဲ ရှိနေခဲ့လေရာ ယခုအခါမှာ သဒ္ဓါသီလ စသည်တို့နှင့် ပြည့်စုံသော ဆိပ်ခွန်ရွာနေ ကျောင်းအမကြီး ဒေါ်ဆင်က ကြည့်ရှုလိုသူတိုင်း အားရပါးရ ဝဝကြီး ကြည့်ရှုကြ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ အမြန်ရောက်ကြောင်းကောင်းမြတ်သော ဝိပဿနာအလုပ်ကို လျင်မြန်စွာ အားထုတ်နိုင်ကြပြီးလျှင် မြတ်စွာဘုရားသခင်တို့၏ လိုလားတော်မူရင်းဖြစ်သော နိဗ္ဗာန်ချမ်းသာကြီးကို ရရှိခံစားနိုင်ကြစေရန် ရည်သန်တောင့်တသော သမ္မာဆန္ဒဖြင့် ၎င်းစာတမ်းငယ် ၂-ခုကို ပုံရိုက်စေ၍ ဓမ္မဒါန ကုသိုလ်အဖြစ်ဝေငှကမ်းလှမ်းခြင်းကို ပြုလိုက်ပါကြောင်း။

မောင်ထွန်းဟံ၊ မောင်ဘိုးချုန်



# ဝိပဿနာ လမ်းညွှန်ကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဝန္ဒိတွာ သ-ဓမ္မသံဃံ၊ နိဗ္ဗာန မဂ္ဂဒေသကံ။
ကဿံ ဝိပဿနာမဂ္ဂ၊ ဒေသကံ မဂ္ဂပါပကံ။

ဝိပဿနာမဂ္ဂဒေသက-မည်သော ဤဝိပဿနာ လမ်းညွှန်ကျမ်း၌ ဝိပဿနာဟူသောပုဒ်၏ အနက်ကို ရှေးဦးစွာ ရှင်းလင်းပြပေအံ့။

အနိစ္စာဒိဝသေန ဝိဝိဓေန အာကာရေန ပဿတီတိ ဝိပဿနာ၊ အဋ္ဌသာလိနီအဋ္ဌကထာ စာမျက်နှာနံပါတ် [၉၅]

အနိစ္စာဝဒိသေန၊ အနိစ္စ-အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ဝိဝိဓေန အာကာရေန၊ အမျိုးမျိုးသော အခြင်းအရာအားဖြင့်။ ပဿတိ၊ ရှုမြင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

ဤအဋ္ဌကထာလာဝိဂြိုဟ်၏ အရအားဖြင့် အနိစ္စ အစရှိသော အမျိုးမျိုးသော အခြင်းအရာအားဖြင့် ရှုမြင်သော သမ္မသနအစ

အနုလောမအဆုံးရှိသော ဉာဏ်(၁၀) ပါးသည်သာလျှင်-ဝိပဿနာ အစစ်မည်၏၊ အဘယ်ကြောင့်ဆိုသော်-ထိုသမ္မသနအစ-အနုလောမအဆုံးရှိသော ဉာဏ် (၁၀) ပါးသည်သာလျှင်-အနိစ္စအစရှိသော အခြင်းအရာအားဖြင့် ရှုမြင်နိုင်သောကြောင့် ပေတည်း။ အားထုတ်စဥ် ဖြစ်ပေါ်သော နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ဤဉာဏ် ၂ ပါးတို့သည် ဝိပဿနာ အစစ်မမည်ကုန်၊အဘယ့်ကြောင့်ဆိုသော် ထိုဉာဏ် ၂ ပါးတို့တွင် နာမရူပပရိစ္ဆေဒဉာဏ်သည် နာမ်ရုပ်တို့၏သဘောမျှကိုသာလျှင် ပိုင်းခြား သိမြင်နိုင်၏၊ပစ္စယပရိဂ္ဂဟဉာဏ်သည်အကျိုးဖြစ်သော နာမ်ရုပ်နှင့်တကွ အကြောင်းတရားတို့ကိုသာလျှင် သိမ်းဆည်းသိမြင်နိုင်၏၊ ၎င်းဉာဏ် ၂-ပါးလုံးပင် အနိစ္စစသော အခြင်းအရာအားဖြင့် မရှုမြင်နိုင်သောကြောင့် ပေတည်း။

ထိုကြောင့် ဝိသုဒ္ဓိမဂ် ဒု နံပါတ်[၂၄၁]၌လည်း ဝိပဿနာယ စ ကလာပသမ္မသနံ အာဒိ-ဟု မိန့်ဆိုတော်မူပေ၏။

ဝိပဿနာယ စ၊ ဝိပဿနာဉာဏ်၏လည်း။ အာဒိ၊ အစကား။ ကလာပသမ္မသနံ၊ အပေါင်းလိုက်အားဖြင့် သုံးသပ်သော သမ္မသနဉာဏ်ပေတည်း။

ဤအဋ္ဌကထာတို့၏ အလိုအားဖြင့် နာမရူပပရိစ္ဆေဒ, ပစ္စယ ပရိဂ္ဂဟ ဤဉာဏ် ၂ ပါးတို့သည် ဝိပဿနာ အစစ်မမည်ငြား သော်လည်း သမ္မသန အစရှိသော (၁၀) ပါးသော ဝိပဿနာဉာဏ် အစစ်တို့၏ အခြေခံ အကြောင်းရင်း ဉာဏ်များ ဖြစ်ကြသောကြောင့် ၎င်းအစဉာဏ် ပါးကိုလည်း ဖလူပစာရအားဖြင့် ဝိပဿနာဟု ခေါ်ဝေါ်ပြောဆိုခြင်းမှာ အပြစ်မရှိဟု မှတ်ယူကုန်ရာ၏။

တနည်းကား၊ ဝိဂ္ဂတိ- ဥပသဂ္ဂေါ၊ ပဿနာ္တိ အတ္ထော၊ ပေဋ္ဌကောပဒေသပါဠိတော် နံပါတ် (၂၅၀)

ဝိဂ္ဂတိ၊ ဝိဟူသည်ကား၊ ဥပသဂ္ဂေါ၊ ဥပသာရတည်း၊ ပဿနာ္တိ ပဿနာဟူသည်ကား၊ အတ္ထော၊ လိုရင်းအနက်ပေတည်း။ ဤပါဠိတော် အလိုအားဖြင့် ဝိသဒ္ဒါမှာ အနက်ထူးမရှိ၊ ဥပသာရပုဒ်မျှသာ စကားတန်ဆာမျှသာ၊ ပဿနာ ဟူသော သဒ္ဒါကသာလျှင် လိုရင်းအနက်ကိုပြ၏ဟု ဆိုသောကြောင့်၊ ၎င်းပါဠိဘာသာ ပဿနာဟူသော ပုဒ်ကို ရှုမြင်ခြင်း သို့မဟုတ် ရှုမြင်သော အသိဉာဏ်ဟု မြန်မာဘာသာ ပြန်ဆိုရ၏။ ထို့ကြောင့် နာမ်-ရုပ်တရားတို့ကို လက္ခဏာ-ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်အားဖြင့် ဖြစ်စေ၊ ရှုမြင်ခြင်း သို့မဟုတ် ရှုမြင်တတ်သော အသိဉာဏ် ဟူသမျှသည် ဝိပဿနာမည်၏ဟု ဆိုရာ၏။

ဤနည်း၌ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်များသည်လည်း စင်စစ်မုချအားဖြင့် ဝိပဿနာမည်ကုန်၏။

ထိုဝိပဿနာကို သလ္လက္ခဏာဟူ၍လည်း အဋ္ဌကထာတို့၌ ခေါ်ဝေါ်သေး၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် ပဌမ အုပ် နံပါတ် (၂၇၀) နှင့် ပါရာဇိကကဏ်အဋ္ဌကထာ ဒုတိယနံပါတ်(၂၃)တို့၌သလ္လက္ခဏာတိ ဝိပဿနာ- ဟု မိန့်ဆိုတော်မူကြကုန်၏။

သလ္လက္ခဏာတိ၊ သလ္လက္ခဏာဟူသည်ကား၊ ဝိပဿနာ၊ဝိပဿနာပေတည်း။ ထို့ကြောင့် သလ္လက္ခဏာနှင့် ဝိပဿနာတို့မှာ သဒ္ဒါနှင့် သဒ္ဒါနက် ကွဲပြားသော်လည်း ဗုဒ္ဓေါနှင့် ဘဂဝါပုဒ်တို့သည် အဘိဓေယျတ္ထလိုရင်းအနက်အားဖြင့် တူကုန်သကဲ့သို့ အရကောက် လိုရင်းအနက်ဖြစ်သော အဘိဓေယျတ္ထ ဝစနီယတ္ထအားဖြင့် တူကြကုန်၏။ ထို့အတူ ပါဠိဘာသာ ဝိပဿနာပုဒ်မှ ပြန်ဆို

အပ်သော ရှုခြင်းဟူသော မြန်မာစကားနှင့် သလ္လက္ခဏာဟူသော ပုဒ်မှ ပြန်ဆိုအပ်သော မှတ်ခြင်းဟူသော မြန်မာစကားများသည် လည်း အသံကွဲသော်လည်း လိုရင်းအနက်မှာ နာမ်ရုပ်တရားတို့ကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်အားဖြင့်၎င်း အနိစ္စ အစရှိသော အခြင်းအရာအားဖြင့်၎င်း ထင်ရှားသိမြင်အောင် နှလုံးသွင်းမှု တခု တည်းပင် ဖြစ်၍ အတူတူပင် ဖြစ်ကြကုန်၏။

ထို့ကြောင့် ဝိပဿနာကို ရှုခြင်း ရှုသော အသိဉာဏ် ဟူ၍၎င်း၊ မှတ်ခြင်း မှတ်သော အသိဉာဏ်ဟူ၍၎င်း ခေါ်ဆိုနိုင်ပေ၏။

ဤကျမ်းငယ်၌ကား ပါဠိဘာသာ သလ္လက္ခဏာ-ပုဒ်မှ ပြန်ဆိုအပ်သော မှတ်ခြင်းဟူသော မြန်မာစကားကို ပဓာနထား၍ ရေးသားပေအံ့။

ဝိပဿနာ ဧဝ မဂ္ဂေါ ပုဗ္ဗဘာဂမဂ္ဂဘာဝတောတိ ဝိပဿနာ မဂ္ဂေါ၊ ပဿနာယ ဝါမ ဂ္ဂေါ ဥပါယောတိ ဝိပဿနာမဂ္ဂေါ၊ တဿ ဒေသကော ဝိပဿနာမဂ္ဂဒေသကော ဂန္ထော၊ ဤသို့ ဝိဂြိုဟ်ပြု၍ ဝိပဿနာလမ်းညွှန်ကျမ်း၊ ရှုပုံ-မှတ်ပုံ လမ်းညွှန်ကျမ်း၊ ရှုနည်း= မှတ်နည်း လမ်းညွှန်ကျမ်းဟူ၍ ဆိုလိုသည်။

ယခုအခါ မရှုမှတ်ခြင်း၌ အပြစ်ကိုပြ၍ ရှုမှတ်ခြင်း၌အကျိုးကို ပြလျက် ရှုမှတ်ပုံကို အကျဉ်းအားဖြင့် ပြဆိုပေအံ့။

ဖြစ်ခိုက်ဖြစ်ခိုက် ရုပ်နာမ်တို့ကို မရှုမမှတ်ဘဲ မေ့မေ့လျော့ လျော့ပေါ့ပေါ့ဆဆနေသော သူတို့၏သန္တာန်၌အနုသယကိလေသာ ကိန်းဝပ်၍ ပရိယုဋ္ဌာန်ဝီတိက္ကမကိလေသာနှင့် အကုသိုလ်ကံကုသိုလ် ကံတို့၏ ဝင်ရောက်ဖြစ်ပေါ်ရာ တံခါးပေါက်ကြီးများနှင့် အလားတူ

သော အခိုက်အတန့် ခဏကာလကြီးများမှာ အကျဉ်းအားဖြင့် (၆) ပါးမျှသာ ရှိကြကုန်၏။

ထို(၆)ပါးတို့မှာ မြင်သောခဏ ၁၊ ကြားသောခဏ ၂၊ နံသော ခဏ ၃၊ စားသောခဏ ၄၊ ထိသောခဏ ၅၊ သိသောခဏ ၆၊ ဤ (၆) ပါးတို့ပေတည်း။

ထို (၆) ပါးတို့တွင် မြင်သောခဏ ဆိုသည်မှာ၊ စက္ခုဒွါရ၊စက္ခု ပသာဒဟု ခေါ်သော ကြည်လင်သည့် မျက်စိရုပ်၌ ရူပါရုံဟု ခေါ် သော အဆင်းရုပ် ထင်လာသောကြောင့် စက္ခုဝိညာဏ်ဟု ခေါ် သော မြင်သောစိတ်ဖြစ်ပေါ်၏။စက္ခုသမ္ဖဿဟု ခေါ်သော မျက်စိ ထဲ၌ အဆင်းကို တွေ့သော မြင်တွေ့လည်း ဖြစ်ပေါ်၏၊ စက္ခုသမ္ဖဿ ဇာဝေဒနာဟု ခေါ်သော မြင်လို့ကောင်းတဲ့သဘော သုခဝေဒနာ၊ မြင်လို့မကောင်းတဲ့သဘော ဒုက္ခဝေဒနာ၊မြင်လို့မကောင်းတကောင်း သဘော ဥပေက္ခာဝေဒနာ၊ ဤခံစားမှု (၃) ပါးတို့တွင် တပါးပါး သော ခံစားမှုလည်း ဖြစ်ပေါ်၏၊ ဤဒွါရအာရုံ-ဝိညာဏ်-ဖဿ-ဝေ ဒနာဟူသော (၅)ပါးသောတရားတို့၏ ညီညွတ်စွာ ဖြစ်ပေါ်သော ခဏ၌ မြင်မှုကိစ္စတခုပြီးလေ၏၊ဤသို့ တရားငါးပါးတို့ ညီညွတ်သော အားဖြင့် မြင်မှုကိစ္စတခုပြီးသော ခဏကို မြင်သောခဏဟု ခေါ်၏။

မြင်သော ခဏ၌ မြင်သော သဘောကို မြင်တယ်ဟု မမှတ်ဘဲ မေ့လျော့၍နေသော ပုဂ္ဂိုလ်သည် မြင်ဆဲခဏ၌ ရှိသော ကြည်လင် သော မျက်စိရုပ်ကိုလဲ မှန်ကန်စွာမသိ၊မြင်ရသော အဆင်းရုပ်ကိုလဲ မှန်ကန်စွာမသိ၊ မြင်သော စိတ်ကိုလဲ မှန်ကန်စွာမသိ၊ မြင်တွေ့သော ဖဿ ကိုလဲ မှန်ကန်စွာမသိ၊မြင်ခံစားမှုဝေဒနာကိုလဲ မှန်ကန်စွာမသိ၊ အဘယ်သို့ မှန်ကန်စွာမသိသနည်းဟူမူကား၊ လက္ခဏာ ရသ စသည်

အားဖြင့် ရုပ်နာမ်သဘောမျှဟု မသိ၊ ရှေ့မြင်မှု-နောက်မြင်မှုများစွာ ဆက်စပ်လျက် ဖြစ်နေသည်ကို တခုစီတခုစီ ပိုင်းဖြတ်၍မသိ၊ ဤသို့ မှန်ကန်စွာမသိသည်ကို ဆိုလိုသည်၊ထိုသို့မှန်ကန်စွာမသိရသောတရား ငါးပါးတို့၌၊ငါဘဲ-သူဘဲ၊ ယောကျ်ားဘဲ-မိန်းမဘဲ အပြတ်အခြားမရှိ တမုတည်းဘဲ မြဲတယ် စသည်ဖြင့် အလွဲအမှားအားဖြင့် ထင်မှတ်သိ မြင်တတ်သော အဝိဇ္ဇာမောဟ ဖြစ်သင့်ဖြစ်ထိုက်သောအခွင့် ပေါ်လေ၏၊ ဤသို့ အဝိဇ္ဇာဖြစ်ထိုက်သည်ကိုပင် အာရမ္မဏာနုသယ-အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္နခေါ်သော အဝိဇ္ဇာနုသယကိန်းဝပ်သည်ဟု ဆိုရသည်၊ ၎င်းအဝိဇ္ဇာနုသယကိန်းလျှင် အဝိဇ္ဇာနုသယနှင့် ပူးတွဲ၍ဖြစ်တတ်သော တဏှာနုသယ ဒိဋ္ဌာနုသယ စသည်တို့လည်း ကိန်းဝပ်လေ၏။

ထိုသို့ မြင်ဆဲခဏ၌ ပါဝင်သော တရားငါးပါးတို့ကို မှန်ကန်စွာ မသိသဖြင့် အဝိဇ္ဇာနုသယ အစရှိသော အနုသယ ကိလေသာတို့ ကိန်းဝပ်လေပြီးသောကြောင့် မြင်ဆဲခဏ၌ ပရိယုဋ္ဌာန် ကိလေသာ မဖြစ်သေးငြားသော်လည်း မြင်ပြီးသည်မှ နောက်ခဏ၊ နောက်ကာလ၊ နောက်နေ့၊နောက်လ၊ နောက်နှစ်တို့၌ အကြောင်းညီညွတ်ပါက ထိုမှန်ကန်စွာ မသိခဲ့သော ငါးပါးသော တရားတို့နှင့်စပ်၍ ငါကြည်လင်တယ် ကြည်လင်တာ ငါ့မျက်စိဘဲ၊ ငါမြင်တယ် မြင်တာ ငါဘဲ၊ ငါ၏စိတ်ဘဲ၊ မြင်တွေ့တာငါဘဲ၊ ငါမြင်လို့ကောင်းတယ် မကောင်းဘူး၊မြင်လို့ကောင်းတာငါဘဲ၊မြင်လို့မကောင်းတာငါဘဲ၊ယောကျ်ားကိုမြင်တယ်၊ မိန်းမကို မြင်တယ်၊ မြင်ရတာယောကျ်ားဘဲ၊ မိန်းမဘဲ၊ လက်ခြေဘဲ တုံးတိုင်ဘဲ စသည်ဖြင့် အလွဲအမှားအားဖြင့် ကြံစည်သိမြင်လေ၏၊ ထိုအမြင် ထိုအာရုံတို့ကိုရင်း ထိုအမြင် ထိုအာရုံနှင့် အလားတူ ဝတ္ထုတို့ကိုရင်း တောင့်တ ကြံစည်မိလေ၏၊ ပျက်စီးစေရန်

လည်း ကြံစည်မိလေ၏၊ ဤသို့ ကြံစည်ခြင်းသည် စိတ်သန္တာန်၌ အနုသယဘုံမှ အကြောင်းအားလျော်စွာ ထကြွ ဖြစ်ပေါ်လာသော ပရိယုဋ္ဌာန်ကိလေသာမည်၏၊ဤသို့ပရိယုဋ္ဌာန်ကိလေသာ ဖြစ်ပြီးနောက် အကြောင်း ညီညွတ်ပြန်ပါက ကိုယ်အမှုအရာ နှုတ်အမှုအရာများကို ဖြစ်စေ၍ လွန်ကျူးသော ဝီတိက္ကမကိလေသာတို့သည်ရင်း၊ မိမိ၏ ကောင်းစားချမ်းသာမှုကို တောင့်တ၍ အကုသိုလ်ကံ ကုသိုလ်ကံတို့ သည်ရင်း ထိုက်သည့်အားလျော်စွာ ဖြစ်လေကုန်၏၊ ထိုသို့မြင်ဆဲ ခဏ၌ အနုသယ ပရိယုဋ္ဌာန် ဝီတိက္ကမကိလေသာများ ဖြစ်တတ်သည် ဖြစ်နိုင်သည်ကို ရည်တော်မူ၍ **သတိပဋ္ဌာန်ပါဠိ** တော်၌—

စက္ခု လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ၊ရူပါ လောကေ ပိယရူပံ သာတရူပံ၊ စက္ခုဝိညာဏံ လောကေ ပိယရူပံသာတ ရူပံ၊ စက္ခုသမ္ဖဿော လောကေ ပိယရူပံ သာတရူပံ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ ဟု ဟောတော်မူပေ၏။ (သုတ်မဟာ၂၄၆)

လောကေ၊ ပျက်တတ်သော သင်္ခါရလောကထဲ၌။ စက္ခု၊ မျက်စိ သည်။ ပိယရူပံ၊ ချစ်စရာသဘောပေတည်း။ သာတရူပံ၊သာယာစရာ သဘောပေတည်း။ ဧသာတဏှာဥပ္ပဇ္ဇမာနာ၊ထိုတဏှာဖြစ်ခဲ့ပါလျှင်။ ဧတ္ထဥပ္ပဇ္ဇတိ၊ ဤချစ်စရာ သာယာစရာကောင်းသောမျက်စိ၌ ဖြစ်၏။ ဧသာတဏှာနိဝိသမာနာ၊ ထိုတဏှာ ကိန်းဝပ်ခဲ့ ဝင်ခဲ့ပါလျှင်။ ဧတ္ထ နိဝိသတိ၊ဤမျက်စိ၌ကိန်းဝပ်၏။လောကေ၊၌။ရူပါ၊အဆင်းတို့သည်။ စက္ခုဝိညာဏံ၊ မြင်သောစိတ်သည်။ စက္ခုသမ္ဖဿော၊ မြင်တွေ့သော ဖဿသည်။ စက္ခုသမ္ဖဿဇာဝေဒနာ၊ မြင်တွေ့လို့ဖြစ်သော ခံစားမှု

သည်။ ပိယရူပံ၊ တည်း။ သာတရူပံ၊ တည်း။ သောတဏ္ဍာ၊သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ခဲ့ပါလျှင်။ ဧတ္ထဥပ္ပဇ္ဇတိ၊ ဤခံစားမှု၌ဖြစ်၏။ သော တဏှာနိဝိသမာနာ။ လျှင်၊ ဧတ္ထနိဝိသတိ၊ ၏။ အနက်ပါဠိ အပြည့် အစုံလိုလျှင် သတိပဋ္ဌာန်ပါဠိ နိဿယ၌ကြည့်လေ။

ဤသတိပဋ္ဌာန်သုတ်၌ ရူပသညာ ရူပသဉ္စေတနာ ရူပတဏှာ ရူပဝိတက် ရူပဝိစာရများကိုလည်း တဏှာ၏ ကိန်းရာဖြစ်ရာဟု ဟောတော်မူသေး၏။ ဤကျမ်း၌ကား အကျဉ်းမျှကိုသာ ဆိုလို သောကြောင့်၎င်း၊ အထက်၌ ပြလတံ့သော အဘိဓမ္မာသုတ် စသည်များနှင့် တထပ်တည်းညီစေလိုသောကြောင့်၎င်း၊ ရှေ့ပါး ပါးမျှကိုသာ ထုတ်ပြလိုက်ပေသည်။

ဤသတိပဋ္ဌာန်ပါဠိတော်၌ အဝိဇ္ဇာစသည်ကိုမပြဘဲ တဏှာ တခုတည်းကိုသာ ပြတော်မူခြင်းမှာ သမုဒယသစ္စာကို ပြရာအခန်း ဖြစ်သောကြောင့်ပေတည်း။ တဏှာမှ တပါးသောအဝိဇ္ဇာ စသည် ကို မပြပါတကားဟု အပြစ်မတင်ကြလေနှင့်။ လိုရင်းသဘောမှာ တဏှာဖြစ်သည်ဆိုက သမ္မယုတ်ယှဉ်ဘော် ယှဉ်ဘက်ဖြစ်၍ မကင်း နိုင်သောကြောင့် အဝိဇ္ဇာဖြစ်သည်ကို၎င်း၊ အဝိဇ္ဇာ ဖြစ်ပါက သမ္ပယုတ်သတ္တိ ဥပနိဿယသတ္တိအားဖြင့် အားလုံးသော ကိလေ သာဖြစ်သည်ကို၎င်း ပြခြင်းကိစ္စ ပြီးလေတော့သည် သာတည်း။ ထို့ကြောင့် ဝိဘင်းပါဠိတော် ဥဒ္ဒေသ ဝိဘင်း နံပါတ်(၃၅၃)၌။

ယံ လောကေ ပိယရူပံ သာတရူပံ၊ဧတ္ထ သတ္တာနံ ရာဂါနုသယော အနုသေတိ။ ယံ လောကေ အပ္ပိယရူပံ အသာတရူပံ၊ ဧတ္ထ သတ္တာနံ ပဋိဃာနုသယော အနုသေတိ၊ဣတိ ဣမေသု ဒွိသု ဓမ္မေသု အဝိဇ္ဇာ အနုပတိတာ၊ တဒေကဋ္ဌော မာနော စ ဒိဋ္ဌိစ ဝိစိကိစ္ဆာစ ဒဋ္ဌဗ္ဗာ ဟူ၍ဟောတော်မူ၏။

လောကေ၊ ပျက်တတ်သောသခၤါရ လောကထဲ၌၊ ယံပိယရူပံ၊ အကြင်ချစ်စရာကောင်းသော သဘောသည်။ ယံသာတရူပံ၊ အကြင် သာယာစရာကောင်းသော သဘောသည်။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ ဤချစ်ဖွယ်သာယာဖွယ်သဘော၌။သတ္တာနံ၊သတ္တဝါတို့၏။ရာဂါနုသယော၊ ရာဂအနုသယသည်။အနုသေတိ၊ကိန်း၏။လောကေ၊၌။ယံ အပ္ပိယရူပံ၊ အကြင် မုန်းစရာကောင်းသော သဘောသည်။ ယံအသာတရူပံ၊ အကြင်သာယာဖွယ်မကောင်းသော သဘောသည်။အတ္ထိ၊ရှိ၏။ ဧတ္ထ၊ ဤမုန်းဖွယ်သဘော သာယာဘွယ်မဟုတ်သောသဘော၌။ သတ္တာနံ၊ တို့၏။ ပဋိဃာနုသယော၊ပဋိဃအနုသယသည်၊ အနုသေတိ၊ ကိန်း၏။ ဣတိဣမေသုဒွီသုဓမ္မေသု၊ ဤချစ်ဖွယ် မုန်းဘွယ်သဘော ၂-မျိုးတို့၌။ အဝိဇ္ဇာ၊အဝိဇ္ဇာသည်။ အနုပတိတာ၊ကျရောက်ကိန်းဝပ်၏။ တဒေကဋ္ဌော၊ ထိုအဝိဇ္ဇာနှင့် တည်ရာဟူသော၊ မာနော၊စ၊ မာနကိုလည်း။ဒိဋ္ဌိ၊စ၊ ဒိဋ္ဌိကိုလည်း။ဝိစိကိစ္ဆာ၊စ၊ ဝိစိကိစ္ဆာကိုလည်း။ အနုပတိတာ၊ ကျရောက်ကိန်းဝပ်၏ဟူ၍ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ဤအရာ၌-သန္တာနာနုသယ အာရမ္မဏာနုသယတို့တွင်၊ အာရမ္မဏာနုသယဖြစ်ကြောင်းကို မူလဋီကာ အနုဋီကာတို့၌ ထင်ရှားစွာ ဖွင့်ပြတော်မူကြ၏။

ဤပြခဲ့ပြီးသော စကားအရအားဖြင့် အနုသယ ပရိယုဋ္ဌာန် ဝီတိက္ကမအထိ ဖြစ်ပေါ်ရာ၌ ကာယကံ-ဝစီကံ မြောက်အောင် လွန်ကျူးသော ဝီတိက္ကမကိလေသာသည် အဘယ့်ကြောင့် ဖြစ်ရပါသနည်း။ စိတ်သန္တာန်၌ ပရိယုဋ္ဌာန်ကိလေသာ ထကြွဖြစ်ပေါ်သောကြောင့် ပေတည်း။

ရင်းပရိယုဋ္ဌာန် ကိလေသာသည် အဘယ့်ကြောင့် ဖြစ်ရပါ

သနည်း။မြင်ဆဲခဏက အနုသယ ကိလေသာ ကိန်းဝပ်လေပြီးသော ကြောင့်တည်း။

၎င်းအနုသယသည် အဘယ့်ကြောင့် ကိန်းဝပ်ခဲ့ပါသနည်း။ မြင် ဆဲခဏ၌ပါဝင်သော ငါးပါးသောတရားတို့ကို လက္ခဏာ ရသ စသည်အားဖြင့်၎င်း၊ အနိစ္စ အစရှိသော အခြင်းအရာအားဖြင့်၎င်း မှန်ကန်စွာ မသိသောကြောင့်တည်း။

၎င်းငါးပါးသော တရားတို့ကို အဘယ့်ကြောင့် မှန်ကန်စွာ မသိ ပါသနည်း။ မြင်သောသဘောကို မြင်ဆဲခဏ၌ မြင်တယ်ဟုမမှတ်ဘဲ မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆ အမှုမဲ့ အမှတ်မဲ့ နေခြင်း ကြောင့်တည်း။

ဤဆိုခဲ့ပြီးသောအစဉ်အားဖြင့်အမှိုက်ကစ ပြာသာဒ်မီးလောင်ဟု ဆိုဘိသကဲ့သို့၊ မြင်ဆဲခဏ၌၊ မြင်တယ်ဟုမမှတ်ဘဲ ဝိပဿနာကင်းမဲ့ လျက် အမှတ်တမဲ့နေမိသည်မှအစပြု၍ အကြောင်းညီညွတ်ပါက ဝီတိက္ကမကိလေသာနှင့် အကုသိုလ်ကံအမျိုးမျိုး ကုသိုလ်ကံ အမျိုး မျိုး ဖြစ်ပွား၍ အပါယ်ဘေးအမျိုးမျိုး သံသရာဘေးအမျိုးမျိုး ဖြစ် ပွားသွားနိုင်သည်ကို သိမြင်ကြသဖြင့် ကိလေသာဘေး-အပါယ်ဘေး သံသရာဘေးတို့ကို ကြောက်ရွံ့သော ပုဂ္ဂိုလ်သည် မြင်သောခဏ တည်းဟူသော တံခါးပေါက်မှ ထိုဘေးအမျိုးမျိုးတို့ မဝင်နိုင် စေ ရန် မြင်သောသဘောကို မြင်သောခဏတိုင်းခဏတိုင်း မြင်တယ် မြင်တယ်ဟု ရှုမှတ်ရာ၏။

ဤသို့ မြင်ဆဲခဏ၌ မြင်တယ်ဟု ရှုမှတ်သောသူမှာ မြင်ဆဲခဏ၌ ရှိသော ငါးပါးသောတရားတို့တွင် ထင်ရှားသော တရားတခုခုကို

ပဓာနပြု၍ မှန်ကန်စွာ သိသဖြင့် ထိုမြင်ဆဲခဏ၌ တပြိုင်နက် ဖြစ်ပျက်သော သဘောတရားအားလုံးကို သိခြင်း ကိစ္စပြီး၏။

အဘယ်သို့ မှန်ကန်စွာ သိပါသနည်းဟူမူ၊နာမရူပပရိစ္ဆေဒဉာဏ်အခိုက်အတန့်၌လက္ခဏာ-ရသ-ပစ္စုပ္ပဋ္ဌာန်အားဖြင့် မှန်ကန်စွာသိ၏။ ပစ္စယပရိဂ္ဂဟဉာဏ်အခိုက်အတန့်၌ အကြောင်း ပဒဋ္ဌာန်အားဖြင့်မှန်ကန်စွာသိ၏။ သမ္မသန-ဥဒယဗ္ဗယစသော အထက်ဉာဏ်တို့၏ အခိုက်အတန့်၌၊ ရှေးရှေးအမြင်နှင့် နောက်နောက်အမြင် မရောမစပ်ဘဲ အပိုင်းပိုင်းပြတ်၍ မမြဲသော အနိစ္စအခြင်းအရာ၊ ဆင်းရဲသော ဒုက္ခအခြင်းအရာ၊ အနှစ်မဲ့၍ အစိုးမရသော အနတ္တအခြင်းအရာ၊ ဖြစ်, ပျက် သောအခြင်းအရာ၊ ကုန်ဆုံးပျက်စီးသော အခြင်းအရာစသော အားဖြင့် မှန်ကန်စွာသိ၏။

ဤအရာ၌ ကျက်မှတ်လေ့လာအပ်သော ဗဟုသုတဉာဏ် မရှိသော သူတို့မှာ လက္ခဏာ-ရသ စသည်အားဖြင့် ဘယ်သို့သိနိုင်အံ့နည်းဟု မေးစစ်ဘွယ်ရှိပေ၏။ သုတမယဉာဏ် မရှိသော်လည်း ရုပ်နာမ် သဘာဝကို ဖြစ်ပေါ်ခိုက် ဖြစ်ပေါ်ခိုက်၌ ရှုမှတ်၍ တကယ်ဖြစ်ပျက်သော ရုပ်နာမ်ကို သိသောသူမှာ လက္ခဏာအားဖြင့်သော်၎င်း၊ ရသအားဖြင့်သော်၎င်း၊ ပစ္စုပဋ္ဌာန်အားဖြင့်သော်၎င်း သိနိုင်ပါပေ၏။ ဤသဘောကို လက္ခဏာခေါ်သည်။ ရသခေါ်သည်။ ပစ္စုပဋ္ဌာန်ခေါ်သည်ဟူ၍ကား သုတမယဉာဏ်မရှိသူတို့ မပြောနိုင်ချေ၊ ကျက်မှတ်၍ စဉ်းစားဆင်ခြင်နေသော သူတို့မှာမူကား၊တကယ်ဖြစ်ပျက်သော ရုပ်နာမ်ကို မရှုမိ-မမှတ်မိသောကြောင့် ပရမတ်ရုပ်နာမ် သဘာဝ လက္ခဏာ အစစ်စသည်ကို မသိဘဲ ပညတ်လက္ခဏာစသည်ကိုသာ သိလေ၏။

ဥပမာအားဖြင့် ဆင်ကို မမြင်ဘူးသောသူသည် ဆင်၏ လက္ခဏာ ဆင်၏ စွမ်းရေသတ္တိ ဆင်၏ ဟန်ပန် အခြင်းအရာတို့ကိုကျမ်းဂန်အရ ကျက်မှတ်၍ စဉ်းစားကြည့်သော်လည်း တကယ့်ဆင်ကိုရင်း တကယ့်ဆင်၏ စွမ်းရည်သတ္တိအစစ်ကိုရင်း၊ ဟန်ပန်အခြင်းအရာအစစ်ကိုရင်း မတွေ့မသိရာ၊ ဆင်၏လက္ခဏာစသည်ကို မကြားဘူးသေးသော သူပင် ဖြစ်သော်လည်း အလုပ်လုပ်ကိုင်နေသော ဆင်ကြီးကို ကိုယ်တိုင် ဒိဋ္ဌတွေ့မြင်ရလျှင် ဆင်၏လက္ခဏာ သတ္တိ အခြင်းအရာ အစစ်အမှန်တို့ကို ကောင်းသိနိုင်ပေ၏။ ဤအတူပင် ကျက်မှတ်၍ ဆင်ခြင်မှုမှာ ပရမတ်အစစ်သို့ မရောက်ဘဲ တဇ္ဇာပညတ်မျှကိုသာ သိပေ၏။ မကျက်မှတ်ဘူးသော်လဲ တကယ်ဖြစ်ပျက်နေဆဲ ရုပ်နာမ်ကို ရှုမှတ်နေသူမှာ ပရမတ်အစစ်အမှန်ကို လက္ခဏာ စသည်အားဖြင့် သိနိုင်ပါ၏။

ယိုမှတပါး ကြည်လင်သော မျက်စိရုပ် ထင်ရှားသောအခါ ကြည်လင်တယ်ဟူ၍ရင်း၊ အဆင်းထင်ရှားသောအခါ အဆင်းဟူ၍ရင်း၊ မြင်ရတယ်ဟူ၍ရင်း၊ ဖဿထင်ရှားသောအခါ တွေ့တယ်ဟူ၍ရင်း၊ ဝေဒနာထင်ရှားသောအခါ မြင်ကောင်းတယ် စသည်ဖြင့်ရင်း၊ သူ့အမည်နှင့်သူတပ်၍ မမှတ်ရဘဲ မြင်တယ်ဟူ၍သာ အဘယ့်ကြောင့် မှတ်ရပါသနည်းဟူ၍ ပြောဆို့၊ ထိုသို့ သူ့အမည်နှင့်သူ နေသားတကျ ကျက်မှတ်သင့်သော်လည်း ထိုသို့ သူ့အမည်နှင့်သူ နေသားတကျ ဖြစ်အောင် မှတ်နေပါက မှတ်ရန် အမည်များသောကြောင့် ဤသဘောကို ဘယ်သို့ မှတ်ရပါအံ့နည်း။ ဤအမြင်ကို ဘယ်လို မှတ်ရပါအံ့နည်းဟု စဉ်းစားဆင်ခြင်မှု များနေပေလိမ့်မည်၊ ထိုသို့ စဉ်းစားမှု များနေလျှင် ပစ္စုပ္ပန် ကျနိုင်ရန် လွန်စွာ ခဲရင်း၏။ စဉ်းစားသော စိတ်များကိုလည်း မမှတ်နိုင်ဘဲရှိရာ ၏။ ထိုသို့

မမှတ်နိုင်ဘဲ အလွတ်များနေခဲ့သော် သတိ, သမာဓိ, ပညာ တို့သည်သာလျှင် မြန်မာ မရင့်ကျက်နိုင်ရာ။ သို့ဖြစ်၍ ပြဆိုခြင်းဖြစ်ပေ၏။ မြင်ဆဲခဏ၌ရှိသော မည်သည့်တရားထင်ရှားစွာ ပေါ်လာသည်ဖြစ်စေ မြင်သည်ဟု လွယ်ကူစွာ မှတ်ရန် အကျဉ်းအားဖြင့် ဝိပဿနာ ရှုမှတ်ရာ၌ အားလုံးသော ပညတ်ဟူသမျှသည် လိုရင်း မဟုတ်ချေ၊ ပရမတ် သဘာဝကို သိမှုသာလျှင် လိုရင်းဖြစ်ပေ၏။ အားထုတ်စ၌ အမည်မတပ်ဘဲ သဘာဝ သက်သက်ကို မရှုနိုင်သောကြောင့်သာလျှင် သဘာဝနှင့်ဆိုင်သော ပါဠိတဇ္ဇာပညတ် မြန်မာတဇ္ဇာပညတ်တို့ဖြင့် ရှုမှတ်ရပေသည်၊ ဝိပဿနာဉာဏ်အထူးအားရှိ၍ ရင့်သန်သောအခါ၌မူကား ပညတ်ကိုလွှတ်၍ ပရမတ်သဘာဝအစစ်ကို သိရုံမျှ သိနေနိုင်လျှင်လည်း ရှုမှတ်ခြင်းကိစ္စ ပြီးသည်သာတည်း၊ ထို့ကြောင့် မြင်တယ် ဟု အမည်တမျိုးတည်းဖြင့်သာ ရှုမှတ်နေသော်လည်း မြင်ဆဲခဏ၌ရှိသော တခုခုသော သဘာဝအစစ်အမှန်ကို သိနိုင်သည်သာဖြစ်၍ သူ့အမည်နှင့် သူမှတ်ရန် အကျယ်မပြဘဲ မြင်တယ်ဟူ၍သာ အကျဉ်းအားဖြင့် မှတ်ရန်ပြဆိုလိုက်ပေသည်။

ထိုသို့ ပြဆိုသည့်အတိုင်း မြင်တယ်ဟူ၍ မှတ်သောပုဂ္ဂိုလ်သည် တရံတခါ ကြည်လင်သော မျက်စိကို ပဓာနပြု၍ သိ၏၊ တရံတခါ မြင်ရသော အဆင်းကို ပဓာနပြု၍ သိ၏၊ တရံတခါ မြင်တတ်သော စိတ်ကို ပဓာနပြု၍ သိ၏။ တရံတခါ မြင်တွေ့ဖဿကို ပဓာနပြု၍ သိ၏၊ တခါတရံ မြင်ခံစား ဝေဒနာကို ပဓာနပြု၍ သိ၏။

သိတိုင်းသိတိုင်း လက္ခဏာအားဖြင့် တရံတခါသိ၏၊ ရသ အားဖြင့် တရံတခါသိ၏၊ ပစ္စုပဋ္ဌာန်အားဖြင့် တရံတခါသိ၏၊ နာမရူပ ပရိစ္ဆေဒဉာဏ် တဖက်ကမ်းသို့ ရောက်ပြီးအခါ ပဒဋ္ဌာန်အားဖြင့်လည်း သိ၏။

ထိုကြောင့်မျက်စိရုပ်ကို သိသည်ရှိသော် ကြည်လင်သောသဘော ဟူ၍သော်ငင်း ၁၊ အဆင်းကို မြင်စေတတ် ပြတတ်သော သတ္တိ အားဖြင့်ငင်း၊ ၂ [ရူပေသု အာဝိဉ္ဆနရသံ၊ အဆင်းတို့၌ ဆွဲပို့ခြင်း ကိစ္စရှိ၏ဟု အဋ္ဌကထာ၌ဆို၏။ အဆင်းဆီသို့ ဆွဲပို့သည့်အလား မြင်အောင်ကျေးဇူးပြုခြင်းကိုရည်၍ဆိုသောကြောင့် ပြောလွယ်သော နည်းအားဖြင့်မြင်စေတတ်သည်ပြတတ်သည်ဟု ဆိုလိုက်သည်၊နောက် နောက်၌ သဒ္ဒါနက်မကျဘဲ ရေးရာ၌လည်း ဤနည်းအတူပင် လိုရင်း သဘောကိုသာ နှလုံးသွင်းကြပါလေ]။ မြင်မှု၏ တည်ရာဟူ၍သော် ငင်း ၃၊ မှန်ကန်စွာ သိမြင်လေ၏။ [ဤအရာ၌ ၁ မှာ သဘာဝလက္ခ ဏာအားဖြင့် ၂ မှာ ရသအားဖြင့် ၃ မှာ ပစ္စုပဋ္ဌာန်အားဖြင့် ထင်ပုံ သိပုံကိုပြသည် နောက်နောက်၌လည်း နည်းတူပင်မှတ်လေ]။

ဤလက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့တွင် တပါးပါးဖြင့်သာလျှင် ရှုမှတ်သိမြင်နိုင်၏၊ တပါးပါးကို သိမြင်လျှင် ကိစ္စပြီး၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ [ ပဌမ -၄၃၃]

ကသ္မာ ပနေတ္ထ ဥဘယဂ္ဂဟဏံ၊ ပုဂ္ဂလဇ္ဈာသယတော၊ ကေစိဟိ ဓာတုယော မနသိ ကရောန္တဿ တာ သဘာဝတော ဂယှေ တဗ္ဗတံ ဂစ္ဆန္တိ၊ ကေစိ သကိစ္စကရဏတော ယောရသော ဒုတိဝုစ္စတိ ဟု မိန့်၏။

ပန၊စောဒနာဦးအံ့။ဧတ္ထ၊ ဤဓာတ်ကြီးလေးပါးတို့ကိုနှလုံးသွင်း ရာ၌။ ဥဘယဂ္ဂဟဏံ၊ လက္ခဏာ၊ရသ နှစ်ပါးလုံးကိုယူခြင်းကိုကသ္မာ၊ အဘယ်ကြောင့်။ ကထံ၊ပြုအပ်သနည်း။ပုဂ္ဂလဇ္ဈာသယတော၊ ပုဂ္ဂိုလ် တို့၏အလိုအဇ္ဈာသယကြောင့်။ ဥဘယဂ္ဂဟဏံ၊ကို။ကတံ၊၏။ဟိ၊ချဲ့၍ ဆိုဦးအံ့။ ဓာတုယော၊ ဓာတ်တို့ကို။ မနသိကရောန္တဿ၊ နှလုံးသွင်း

သော။ ကေစ္စသုံ၊ အချို့သောသူအား။တာ၊ ထိုခါတ်ကြီးလေးပါး တို့သည်။ သဘာဝတော၊သဘာဝလက္ခဏာအာဖြင့်။ ဂဟေတဗ္ဗတာ၊ ယူအပ်သည်၏အဖြစ်သို့။ ဂစ္ဆန္တိ၊ရောက်ကုန်၏။ ကေစ္စသုံ၊ အား၊ သကိစ္စကရဏတော၊ မိမိကိစ္စကိုပြု ခြင်းအားဖြင့်။ ဂဟေတဗ္ဗတာ၊ သို့။ ဂစ္ဆန္တိ၊ရောက်ကုန်၏။ ယော၊အကြင်မိမိ၏ကိစ္စကိုပြုခြင်းကို။ ရသော တိ၊ရသဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(အချို့မှာ လက္ခဏာအားဖြင့် ထင်၍၊ အချို့မှာ ရသ အားဖြင့် ထင်သောကြောင့်၊ လက္ခဏာရသနှစ်မျိုးလုံးကို၊ အဋ္ဌကထာဆရာဆိုအပ်သည်ဟူလို။)

အဆင်းကို သိသည်ရှိသော်—မျက်စိ၌ ထင်လာသော သဘောဟူ၍သော်ငင်း-၁၊ မြင်ရသောအာရုံဟူ၍သော်ငင်း-၂၊ မြင်မှု၏ကျက်စားရာဟူ၍သော်ငင်း-၃၊ မှန်ကန်စွာ သိမြင်လေ၏။

မြင်သော စိတ်ကို သိသည်ရှိသော်- မြင်တတ်သော သဘောဟူ၍ သော်ငင်း-၁၊ အဆင်းမျှကိုသာ အာရုံပြုသည် ဟူ၍သော်ငင်း-၂၊ အဆင်းဆီသို့ ရှေးရှုနေသည်ဟူ၍သော်ငင်း- ၃၊ မှန်ကန်စွာသိမြင် လေ၏။

မြင်တွေ့ဖဿကို သိသည်ရှိသော်-အဆင်းကို တွေ့သော သဘော ဟူ၍သော်ငင်း-၁၊ အဆင်းနှင့်တိုက်ခိုက်သည်ဟူ၍သော်ငင်း-၂၊ မျက် စိ အဆင်းမြင်မှုတို့၏ပေါင်းဆုံမိခြင်းဟူ၍သော်ငင်း-၃၊ မှန်ကန်စွာ သိမြင်လေ၏။

မြင်လို့ ကောင်းသော သုခဝေဒနာကို သိသည်ရှိသော် မြင်လို့ ကောင်းတဲ့သဘောဟူ၍သော်ငင်း- ၁၊ ကောင်းတဲ့အတွေ့ကိုသုံးဆောင်

ခံစားခြင်း ကိစ္စအားဖြင့် သော်၎င်း-၂၊ စိတ်ထဲ၌ သာယာစရာဟူ၍ သော်၎င်း-၃၊ မှန်ကန်စွာသိမြင်လေ၏။

မြင်လို့မကောင်းသော ဒုက္ခဝေဒနာကို သိသည်ရှိသော်-မြင်လို့ မကောင်းကဲ့သဘောဟူ၍၎င်း- ၁၊ မကောင်းတဲ့အဘို့ကို သုံးဆောင်ခံ စားခြင်းကိစ္စအားဖြင့်သော်၎င်း - ၂၊ စိတ်ထဲ၌ နာကျင်ခံခက်မှုဟူ၍ သော်၎င်း-၃၊ မှန်ကန်စွာသိမြင်လေ၏။

မြင်လို့မကောင်းတကောင်းဥပေက္ခာဝေဒနာကိုသိသည်ရှိသော်-မကောင်းတကောင်းအလယ်အလတ်သဘောဟူ၍သော်၎င်း-၁၊ မြင်သောစိတ်ကို မရွှင်မညှိုးစေသော ကိစ္စအားဖြင့်သော်၎င်း-၂၊ သိမ်မွေ့ငြိမ်သက်တယ်ဟူ၍သော်၎င်း-၃၊ မှန်ကန်စွာသိမြင်လေ၏။

ဤနေရာ၌စက္ခုဝိညာဏ်စိတ်မှာ ဥပေက္ခာနှင့်သာယှဉ်သည်မဟုတ်ပါလော သုခ ဒုက္ခတို့ကို အဘယ့်ကြောင့်မြင်သောခဏ၌ ထည့်သွင်း၍ပြသနည်းဟူငြားအံ့ စက္ခုဝိညာဏ်မှာ–သုခ ဒုက္ခတို့နှင့် မယှဉ်သည်မှာ မှန်ပေ၏၊ သို့သော်လည်း ဝိပဿနာရှုမှတ်ရာ၌ စက္ခုဒွါရဝီထိတခုလုံး၌ပါဝင်သောတရားတို့ကိုသိမ်းကျုံး၍တမေါင်းတည်းရှုရသောကြောင့် သန္တီရဏ–ဇော-တဒါရုံတို့နှင့်ယှဉ်သောသုခ ဒုက္ခတို့ကိုရည်၍ဤ၌ဆိုပေသည်။ ဝိပဿနာရှုမှတ်ရာ၌-စိတ်တခုချင်း တခုချင်း အသီးအသီးပိုင်းခြား၍ရှုမှတ်နေရသည်မဟုတ်ဘဲ-တဝီထိလုံးကိုသိမ်းကျုံး၍ရှုမှတ်ရကြောင်းမှာ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်-ဘာဂ်ဥာဏ် အခန်း၌ဟောတော်မူအပ်သော စကားဖြင့် လွန်စွာ ထင်ရှား၏။ဤကျမ်း၌အကျဉ်းမျှထုတ်ဆောင်၍ပြအံ့။ အကျယ်အလိုရှိပါက ဝိသုဒ္ဓိမဂ်အဋ္ဌကထာဘာဂ်ဥာဏ်အဖွင့်၌ သေချာစွာ ကြည့်ရှုကြပါလေ ပညာရှိ သူတော်ကောင်းတွေတို့၊

ရူပါရမ္မဏတာစိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။ ပဋိသမ္ဘိဒါ ၅၅၊

ရူပါရမ္မဏတာစိတ္တံ၊ ရုပ်ကိုအာရုံပြုသောစိတ်သည်။ ဥပ္ပဇ္ဇိတွာ' ဖြစ်ပြီး၍။ ဘိဇ္ဇတိ၊ပျက်၏။တံအာရမ္မဏံ ထိုရုပ်အာရုံကို၊ ပဋိသင်္ခါ' ပျက်တယ်ဟုသိပြီး၍။ တဿစိတ္တဿ၊ ပျက်တယ်ဟုသိသော၎င်းစိတ်၏။ဘင်္ဂံ၊အပျက်ကို။ အနုပဿတိ၊ရှု၏။ ပဋိသမ္ဘိဒါမဂ်ပါဠိ အနက်။

ဤပါဠိတော်၌ ရုပ်ပျက်သည်ကို ရှုပြီးလျှင် ၎င်းပျက်တယ်လို့ ရှုသောဝိပဿနာစိတ်ကို ပျက်တယ်ဟု တဖန်ရှုသည်ဟုပြ၏။ ထိုသို့ ပြသဖြင့် ဝိပဿနာစိတ် တစီထိလုံးကို ရှုမှတ်ရကြောင်း ထင်ရှား၏။

ဤသို့မြင်ဆဲခဏ၌ ပါဝင်သော ၅ ပါးသော တရားတို့ကို မြင်ဆဲခဏ၌ပင် ရှုမှတ်၍ လက္ခဏာအားဖြင့် ဖြစ်စေ၊ ရသအားဖြင့် ဖြစ်စေ၊ပစ္စုပဋ္ဌာန်အားဖြင့် ဖြစ်စေ၊ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သော အခါ ပဒဋ္ဌာန်အားဖြင့် ဖြစ်စေ သိမြင်ရမည်ကို ရည်တော်မူ၍=

စက္ခုံ ဘိက္ခဝေ အဘိဇာနံ၊ ရူပေ အဘိဇာနံ၊ စက္ခုဝိညာဏံ အဘိဇာနံ၊ စက္ခုသမ္ဖဿံ အဘိဇာနံ၊ ယမိဒံ စက္ခုသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ တမ္ပိ အဘိဇာနံ ဟုဟောတော်မူ၏။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်(၇) သဠာယတန သံယုတ်(၂၅၀)

ဘိက္ခဝေ ရဟန်းတို့။ စက္ခုံ၊ မျက်စိကို။အဘိဇာနံ၊ သိအပ်၏။ ရူပေ၊ အဆင်းတို့ကို။ အဘိဇာနံ၊ သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်သော စိတ်ကို။ အဘိဇာနံ၊ သိအပ်၏။ စက္ခုသမ္ဖဿံ၊ မြင်

တွေ့မှုကို။အဘိညေယျ၊သိအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မြင်တွေ့မှုကြောင့်။ သုခံဝါ၊ ချမ်းသာမှုလည်းဖြစ်စေ။ ဒုက္ခံဝါ။ ဆင်းရဲမှုလည်းဖြစ်စေ။ အဒုက္ခမသုခံဝါ၊ မဆင်းရဲ မချမ်းသာမှုလည်း ဖြစ်စေ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားမှုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တမ္ပိ၊ ထိုခံစားမှု ၃ မျိုးကိုလည်း။အဘိညေယျံ သိအပ်၏။

ဤအဘိညေယျသုတ် ပါဠိတော်၌ မျက်စိကို သိရမည် အဆင်းကို သိရမည် စသည်ဖြင့် အသီးအသီး ဟောတော်မူအပ်သော်လည်း ဝိပဿနာရှုမှတ်သောသူမှာ မြင်မှုကိစ္စ တကြိမ်တည်း၌ပါဝင်သော ၅ ပါးသော တရားတို့ကို တခုပြီးမှ တခု ငါးကြိမ်တိုင်တိုင် သိရမည်ဟု မဆိုလိုပေ၊ အကယ်၍ တခါမြင် တခါမြင်၌ ငါးကြိမ်စီ ငါးကြိမ်စီ ရှုမှတ်နေရပါလျှင် ထိုသို့ ရှုမှတ်နေဆဲမှာပင် ထပ်မံ၍ မြင်မှုစသည် အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်လာပေလိမ့်မည်။ ထိုသို့ ဖြစ်ပေါ်လာပါက ဖြစ်ပေါ်တိုင်း ငါးကြိမ်စီလိုက်၍ ရှုမှတ်ရန် မှီနိုင်တော့မည် မဟုတ်ချေ။ အကယ်၍ မှီစေကာမူ ဘင်္ဂဉာဏ်အခန်း၌ ဉာတ-အာရုံ၏ အပျက်ကို မှတ်ရှုပြီးလျှင်ပြီးချင်း ဉာဏ-ဝိပဿနာစိတ်၏ အပျက်ကို ဝီထိမခြားဘဲ တဘန်ရှုမှတ်နိုင်သည်ဆိုသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့် ကောန်စင်စစ် မညီညွတ်နိုင်လေရာ၊ ထို့ကြောင့် ဝိပဿနာ ရှုမှတ်သောသူမှာ မြင်ဆဲခဏ၌ရှိသော ငါးပါးသောတရားတို့တွင် ထင်ရှားရာ တပါးပါးကိုသာ ပဓာနပြု၍ ရှုမှတ်ရာ၏။ ထိုသို့ ရှုမှတ်၍ ထင်ရှားရာ တပါးပါးကို ပဓာနပြု၍ သိမြင်ခြင်းအားဖြင့် မြင်ဆဲခဏ၌ရှိသော တရားငါးပါးလုံးကို ရှုမှတ်ခြင်းကိစ္စ သိမြင်ခြင်းကိစ္စပြီး၏။ ဤသို့တပါးပါးကို ပဓာနပြု၍ သိရုံမျှဖြင့် တပြိုင်နက် တချက်တည်းပါဝင်သော တရားအားလုံးတို့ကို သိခြင်းကိစ္စ ပြီးစီး

ကြောင်းကို အောက်ပါအဋ္ဌကထာဋီကာစကားတို့ဖြင့်လည်းယုံကြည်စွာ မှတ်သားကြပါလေ သူတော်ကောင်းပညာရှိတွေတို့။

ဧဝံ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿ ပနဿ အရူပဓမ္မာ တီဟိ အာကာရေဟိ ဥပဋ္ဌဟန္တိ ဖဿဝသေန ဝါ ဝေဒနာဝသေန ဝါ ဝိညာဏဝသေန ဝါ၊ ကထံ။ ကေသဉ္စိ တာဝ ပထဝီဓာတု ကက္ခဠလက္ခဏာတိ အာဒိနာ နယေန ဓာတုယော ပရိဂ္ဂဏှန္တဿ ပဌမာဘိနိပါတော ဖဿော၊ တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော သညာ သညာက္ခန္ဓော သဒ္ဓိံ ဖဿေန စေတနာ သင်္ခါရက္ခန္ဓော စိတ္တံ ဝိညာဏက္ခန္ဓောတိ ဥပဋ္ဌာတိ၊ ဤသို့စသည် ဝိသုဒ္ဓိမဂ် ဒုတိယအုပ် (၂၂၆)

အာရမ္မဏေ ပဝတ္တမာနေသု စိတ္တစေတသိကေသု အသတိပိ ပုဗ္ဗာပရိယေ ဖုသနလက္ခဏော ဖဿော တတ္ထ သဗ္ဗပဌမံ အဘိနိပတန္တော ဝိယ ဟောတီတိ ဝုတ္တံ "ပဌမာဘိနိပါတော ဖဿော" တိ၊ တေနဿ ဖုသနာကာရေန သုပါကဋဘာဝေန ဥပဋ္ဌာနံ ဒဿေတိ။ ဖဿေ ပန ဥပဋ္ဌိတေ ယသ္မိံ အာရမ္မဏေ သော ဖဿော ဘဿ အနုဘဝနလက္ခဏာ ဝေဒနာ,သဉ္ဇာနနလက္ခဏာ သညာ,အာယူဟနလက္ခဏာ စေတနာ, ပဋိဝိဇာနနလက္ခဏံ ဝိညာဏန္တိ၊ ဣမေပိ ပါကဋာ ဟောန္တီတိ အာဟ "တံသမ္ပယုတ္တာ ဝေဒနာ" တိ အာဒိ။ ၎င်း ဝိသုဒ္ဓိမဂ်၏အဖွင့် မဟာဋီကာ ဒုတိယအုပ် [၃၅၆]

ဧဝံ၊ ဤဆိုခဲ့ပြီးသော နည်းဖြင့်။ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿ၊ ကောင်းစွာ စင်ကြယ်သော ရုပ်ကို သိမ်းဆည်းမှုရှိသော။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ ဖဿဝသေန ဝါ၊ ဖဿ၏ အစွမ်းအားဖြင့်သော်၎င်း။ ဝေဒနာ ဝသေန ဝါ၊ ဝေဒနာ၏

အစွမ်းအားဖြင့်သော်ငှင်း။ ဝိညာဏဝသေနဝါ၊ ဝိညာဏ်၏ အစွမ်း အားဖြင့်သော်ငှင်း။ဣတိ၊ ဤသို့။ တီဟိအာကာရေဟိ၊သုံးပါးသော အခြင်းအရာတို့ဖြင့်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ကထံ၊ အဘယ်သို့ ထင် ကုန်သနည်း။ ကေသာ၊ တဦးသောသူအား။ တာဝ၊ ရှေးဦးစွာ။ ပထဝီ ဓာတု၊ ပထဝီဓာတ်သည်။ ကက္ခဠလက္ခဏာ၊ ခက်မာခြင်းလက္ခဏာ ရှိ၏။ ဣတိအာဒိနာနယေန၊ဤသို့အစရှိသောနည်းဖြင့်။ ဓာတုယော ပရိဂ္ဂဏှန္တဿ၊ ဓာတ်တို့ကိုသိမ်းဆည်းရှုမှတ်စဉ်။ ပဌမာဘိနိပါတော၊ ရှေးဦးစွာ အာရုံ၌ကျသော။ ဖဿော၊ဖဿသည်။ ဥပဋ္ဌာတိ၊ ထင်၏။ တံသမ္ပယုတ္တာ ဝေဒနာ၊ ထိုဖဿနှင့်ယှဉ်သော ဝေဒနာသည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာပေတည်း။ သညာ၊ ထိုဖဿနှင့်ယှဉ် သော သညာသည်။ သညာက္ခန္ဓော၊ သညာ က္ခန္ဓာပေတည်း။ ဖဿေနသဒ္ဓိံ။ ဖဿနှင့်တကွ။ စေ တ နာ၊ စေတနာသည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာပေတည်း။ စိတ္တံ၊ ထိုဖဿနှင့်ယှဉ်သော စိတ်သည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာပေတည်း။ ဣတိ၊ဤသို့၊ ဥပဋ္ဌာတိ၊ ထင်၏။ ။ ဝိသုဒ္ဓိမဂ်အနက်။

အာရမ္မဏာပဝတ္တမာနေသု။ အာရုံ၌ဖြစ်ကုန်သော။ စိတ္တစေတသိကေသု၊ စိတ်စေတသိက်တို့တွင်။ ပုဗ္ဗပရိယော၊ ရှေ့ကျနောက် ကျသော စိတ်စေတသိက်သည်။ အသတိပိ၊ မရှိငြားသော်လည်း။ ဖုသနလက္ခဏောဖဿော၊ တွေ့ထိခြင်းလက္ခဏာရှိသော ဖဿသည်။ တတ္ထ၊ထိုအာရုံ၌။သဗ္ဗပဌမံ၊အလုံးစုံတို့၏ရှေးဦးစွာ။ အဘိနိပတန္တော ဝိယ၊ကျရောက်သကဲ့သို့။ဟောတိ၊ဖြစ်၏။ဣတိ၊ထို့ကြောင့်။ပဌမာဘိ နိပါတောဖဿောတိ၊ ပဌမာဘိနိပါတောဖဿောဟူ၍။ ဝုတ္တံ၊မိန့်ဆို တော်မူအပ်၏။တေန၊ထိုစကားဖြင့်။ အဿ၊ထိုဖဿ၏။ ဖုသနာကာ ရေန၊တွေ့ထိသောအခြင်းအရာအားဖြင့်။ သုပါကဋဘာဝေန၊အလွန်

ထင်ရှားသည်၏အဖြစ်ဖြင့်။ဥပဋ္ဌာန်းထင်ခြင်းကို။ ဒသောတိ။ ပြတော်မူ၏။ ပနၢဆက်ဦးအံ့။ ဖဿော၊ ဖဿသည်။ဥပဋ္ဌိတော၊ထင်လတ်သော်။ ယသ္မိံ အာရမ္မဏေ၊ အကြင်အာရုံ၌။ သောဖဿော၊ ထိုဖဿဖြစ်၏။ တဿ၊ထိုအာရုံကို။ အနုဘဝနလက္ခဏာ၊ခံစားခြင်းလက္ခဏာရှိသော။ ဝေဒနာ၊ဝေဒနာသည်။သဉ္ဇာနနလက္ခဏာ၊မှတ်ခြင်းလက္ခဏာရှိသော။ သညာ၊သညာသည်။ အာယူဟနလက္ခဏာ၊အားထုတ်ခြင်းလက္ခဏာရှိသော။ စေတနာ၊ စေတနာသည်။ပဋိဝိဇာနနလက္ခဏံ၊ သိခြင်းလက္ခဏာရှိသော။ဝိညာဏံ၊ ဝိညာဏ်သည်။ဣတိ၊ ဤသို့။ဣမေပိ၊ ဤတရားတို့သည်လည်း။ ပါကဋာ၊ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ။ထို့ကြောင့်။ တံသမ္ပယုတ္တာဝေဒနာတိအာဒိ၊ တံသမ္ပယုတ္တာဝေဒနာအစရှိသောစကားကို။ အာဟ၊ မိန့်တော်မူ၏။ မဟာဋီကာ—အနက်။

ဤအဋ္ဌကထာဋီကာတို့၌ ဖဿသည် ဝေဒနာစသည်တို့နှင့် တပေါင်းတည်း ယှဉ်တွဲ၍ ဖြစ်သောကြောင့်။ ၎င်းဖဿတခုထင်လျှင် ကြွင်းသောဝေဒနာ အစရှိသော တရားများလည်း ထင်ခြင်းကိုစွာ ပြီးကြောင်းပြလိုရင်းဖြစ်ပေ၏။ ဖဿထင်လျှင် ကြွင်းသောတရားတို့ကို သုတမယဉာဏ်ကိုမှီ၍ တခုစီတခုစီစေ့ငအောင် ကြံစည်ဆင်ခြင်ရမည်ဟုပြလိုရင်းမဟုတ်ပေ။ထိုသို့သုတမယဉာဏ်ကိုမှီ၍ ကြံစည်ဆင်ခြင်ရမည်ဆိုလျှင် ဖဿထင်ခြင်းကို ပြရသဖြင့် ကျေးဇူးမရှိပြီ၊ အဘယ့်ကြောင့်နည်း ဖဿမထင်သော်လည်း သုတမယဉာဏ်ကိုမှီ၍ ကြံစည်ဆင်ခြင်ပါက ဖြစ်နိုင်သောကြောင့်ပေတည်း။ ထို့ကြောင့် ထိုသို့စင်းစားဆင်ခြင်မှုကိုမယူဘဲ ဖဿတခုတည်းထင်ပေါ်မှုဖြင့် ကြွင်းသောသမ္ပယုတ်တရားတို့၏ ထင်ခြင်းကိစ္စပြီးစီးမှုကိုပြသည်ဟု

၍သာ မြဲမြံစွာမှတ်ယူကုန်ရာ၏။ ဤသို့သောအနက်အဓိပ္ပါယ်ကိုပင် ရည်၍ သုတ်မဟာဝါအဋ္ဌကထာ(၃၁၄)၌၎င်း၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ[၂၅၂]၌၎င်း ဤသို့မိန့်ဆိုတော်မူသေး၏။

တိဝိဓော ဟိ အရူပကမ္မဋ္ဌာနေ အဘိနိဝေသော ဖဿဝသေန ဝါ ဝေဒနာဝသေန ဝါ ဝိညာဏဝသေန ဝါတိ။ ကထံ ကေစဿ ဟိ သံခိတ္တေန ဝါ ဝိတ္ထာရေန ဝါ ပရိဂ္ဂဟိတေ ရူပကမ္မဋ္ဌာနေ တသ္မိံ အာရမ္မဏေ စိတ္တစေတသိကာနံ ပဌမာဘိနိပါတော တံ အာရမ္မဏံ ဖုသန္တော ဥပ္ပဇ္ဇမာနော ဖဿော ပါကဋော ဟောတိ၊ ကေစဿ တံ အာရမ္မဏံ အနုဘဝန္တီ ဥပ္ပဇ္ဇမာနာ ဝေဒနာ ပါကဋာ ဟောတိ၊ ကေစဿ တံ အာရမ္မဏံ ပရိဂ္ဂဟေတွာ ဝိဇာနန္တံ ဝိညာဏံ ပါကဋံ ဟောတိ၊ တတ္ထ ယဿ ဖဿော ပါကဋော ဟောတိ၊ သောပိ "န ကေဝလံ ဖဿောဝ ဥပ္ပဇ္ဇတိ၊ တေန သဒ္ဓိံ တဒေဝါရမ္မဏံ အနုဘဝမာနာ ဝေဒနာပိ ဥပ္ပဇ္ဇတိ၊ သဉ္ဇာနနမာနာ သညာပိ စေတယမာနာ စေတနာပိ ဝိဇာနနမာနံ ဝိညာဏမ္ပိ ဥပ္ပဇ္ဇတီတိ" ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏှာတိ။ ဤသို့စသည်။

အရူပကမ္မဋ္ဌာနေအဘိနိဝေသော၊ နာမ်ကမ္မဋ္ဌာန်း၌နှလုံးသွင်းခြင်းသည်။ ဖဿဝသေနဝါ၊ ဖဿ၏အစွမ်းအားဖြင့်၎င်း။ ဝေဒနာဝသေနဝါ၊ ဝေဒနာ၏အစွမ်းအာဖြင့်၎င်း။ ဝိညာဏဝသေနဝါ၊ ဝိညာဏ်၏ အစွမ်းအားဖြင့်၎င်း။ ဣတိ၊ဤသို့။ တိဝိဓော၊သုံးပါးအပြားရှိ၏။ ကထံ၊ဘယ်သို့နည်းဟူမူ။ ကေစဿ၊ အချို့သော ပုဂ္ဂိုလ်အား။ သံခိတ္တေနဝါ၊ အကျဉ်းအားဖြင့်ဖြစ်စေ။ ဝိတ္ထာရေနဝါ။ အကျယ်အားဖြင့်ဖြစ်စေ။ ရူပကမ္မဋ္ဌာနေ၊ ရုပ်ကမ္မဋ္ဌာန်းကို။ပရိဂ္ဂဟိ

တော၊ သိမ်းဆည်းရှုမှတ်အပ်သည်ရှိသော်။ တသ္မိံ အာရမ္မဏေ၊ ထိုရှုမှတ်အပ်သော ရုပ်အာရုံ၌။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့၏။ ပဌမာဘိနိပါတော၊ ရှေးဦးစွာကျခြင်းဟူသော။ တံအာရမ္မဏံ ဖုသန္တော ဥပ္ပဇ္ဇမာနော၊ ထိုရုပ်အာရုံကို တွေ့ထိလျက် ဖြစ်ပေါ်သော။ ဖဿော၊ ဖဿသည်။ ပါကဋော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ကေစဿ၊ အချို့သော ပုဂ္ဂိုလ်အား။ တံအာရမ္မဏံ အနုဘဝန္တီ ဥပ္ပဇ္ဇမာနာ၊ ထိုရုပ်အာရုံကို ခံစားလျက်ဖြစ်ပေါ်သော။ ဝေဒနာ၊ ဝေဒနာသည်။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ကေစဿ၊ အချို့သော ပုဂ္ဂိုလ်အား။ တံအာရမ္မဏံ ပရိဂ္ဂဟေတွာ ဝိဇာနန္တံ၊ ထိုရုပ်အာရုံကို သိမ်းပိုက်၍သိသော။ ဝိညာဏံ၊ ဝိညာဏ်သည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုသုံးယောက်တို့တွင်။ ယဿ၊ အကြင်သူအား။ ဖဿော၊ ဖဿသည်။ ပါကဋော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သောပိ၊ ထိုဖဿထင်ရှားသောပုဂ္ဂိုလ်သည်လည်း။(ဖဿပဥ္စမကေယေဝပရိဂ္ဂဏှာတိ၌စပ်လေ)။ “ကေဝလံ ဖဿောဝ၊ သက်သက်ဖဿ ချည်းသာလျှင်။ နဥပ္ပဇ္ဇတိ၊ ဖြစ်သည်မဟုတ်ချေ။ တေနသဒ္ဓိံ၊ ထိုဖဿနှင့်တကွ။ တဒေဝါရမ္မဏံ အနုဘဝမာနာဝေဒနာပိဥပ္ပဇ္ဇတိ။ ထိုရုပ်အာရုံကိုပင်လျှင် ခံစားတတ်သော ဝေဒနာလဲဖြစ်သေး၏။ သဉ္ဇာနနမာနာသညာပိ၊ မှတ်သားတတ်သောသညာလဲ ဖြစ်သေး၏။ စေတယမာနာစေတနာပိ၊ စေ့ဆော်တတ်သော စေတနာလဲဖြစ်သေး၏။ ဝိဇာနနမာနံဝိညာဏမ္ပိဥပ္ပဇ္ဇတိ၊ သိတတ်သော ဝိညာဏ်လဲဖြစ်သေး၏။ ဣတိ၊ ထို့ကြောင့်” ဖဿပဥ္စမကေယေဝ၊ ဖဿလျှင်ငါးခုမြောက်ရှိသော တရားတို့ကိုသာလျှင်။ ပရိဂ္ဂဏှာတိ၊ သိမ်းပိုက်ရှုမှတ်သည်မည်၏။

ဤအဋ္ဌကထာတို့၌ ဖဿတခုထည်းထင်သော်လည်း ဖဿတခုထည်းကိုသာသိမ်းဆည်းရှုမှတ်သည်မမည်။ စင်စစ်အားဖြင့် ဖဿနှင့် တပြိုင်နက်ယှဉ်တွဲ၍ဖြစ်သော ဝေဒနာ သညာ, စေတနာ, ဝိညာဏ်တို့ကိုလည်း သိမ်းဆည်းရှုမှတ်သည်ပင်မည်တော့လေ၏။ ဖဿတခုကိုသိလျှင် ဝေဒနာစသည်တို့ကို သိခြင်းကိစ္စပြီးလေ၏။ ဤမျှသာမကသေး ဖဿတခုကိုသိမ်းဆည်းရှုမှတ်မိလျှင် သိမြင်လျှင်, တပြိုင်နက်တပေါင်းတည်းဖြစ်ပေါ်ကြသော၊ တဝီထိအတွင်းရှိ စိတ်စေတသိက်—၂၀ ကျော်—၃၀ ကျော်တို့ကို သိမ်းဆည်းရှုမှတ်ခြင်းကိစ္စ သိမြင်ခြင်းကိစ္စ ပြီးလေ၏။ အဘယ့်ကြောင့်ဆိုသော် မကွေမကွာ ယှဉ်သော သမ္ပယုတ်တရားများ ဖြစ်ကြသောကြောင့်ဟု ဆိုလိုပေသည်။ ဤဆိုအပ်ပြီးသော အဓိပ္ပါယ်သည် ဆိုလတံ့သော အဋ္ဌကထာစကားတို့ဖြင့်လည်း ထင်ရှား၏။

ဣမေပန စက္ခုဝိညာဏ သမ္ပယုတ္တာ တယော ခန္ဓာ။ တေဟိ စက္ခုဝိညာဏေန သဟ ဝိညာတဗ္ဗတ္တာ စက္ခုဝိညာဏဝိညာတဗ္ဗာတိဝုတ္တာ ။ သင်္ဂြိုဟ်ဃတနသံယုတ်အဋ္ဌကထာ (၆)။

ဣမေပန ဤသုတ်၌ကား။ စက္ခုဝိညာဏသမ္ပယုတ္တာ၊စက္ခုဝိညာဏ်နှင့်ယှဉ်ကုန်သော။ တယောခန္ဓာ၊ ဝေဒနာ, သညာ, သင်္ခါရဟူသော ခန္ဓာသုံးပါးတို့သည်။ စက္ခုဝိညာဏ ဝိညာတဗ္ဗာမမ္ဘာ၊ စက္ခုဝိညာဏ ဝိညာတဗ္ဗတရားမည်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ တေ၊ ထိုဝေဒနာ, သညာ, သင်္ခါရဟူသော စေတသိက် ခန္ဓာသုံးပါးတို့ကို။ စက္ခုဝိညာဏေနသဟ၊စက္ခုဝိညာဏ်နှင့်တကွ၊ ဝိညာတဗ္ဗတ္တာ ၊သိအပ်သိထိုက်သည်၏ အဖြစ်ကြောင့်၊ စက္ခုဝိညာဏ ဝိညာတဗ္ဗာတိ၊စက္ခုဝိညာဏ ဝိညာတဗ္ဗတို့ဟူ၍။ ဝုတ္တာ၊ ဟောအပ်ကုန်၏။

ဖဿာဟာရေတီဟိ ပရိညာဟိ ပရိညာတေ တိဿော ဝေဒနာ ပရိညာတာဝ ဟောန္တိ၊ ဟံမူလကတ္တာ တံသမ္ပယုတ္တတ္တာစ။ နိဒါန ဝဂ္ဂသံယုတ် အဋ္ဌကထာ [၁၀၃]

ဖဿာဟာရေ၊ဖဿအာဟာရကို။ တီဟိပရိညာဟိ၊ သုံးပါးသော ဉာတ, တီရဏ, ပဟာန ပရိညာတို့ဖြင့်။ ပရိညာတေ၊ ပိုင်းခြား၍ သိအပ်သည်ရှိသော်။ တိဿော ဝေဒနာ၊ သုံးပါးသော ဝေဒနာ တို့ကို။ ဝါ၊ တို့သည်။ ပရိညာတာဝ၊ ပိုင်းခြား၍ သိအပ်ပြီးတို့သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ။ တံမူလကတ္တာစ၊ ထိုဖဿလျှင် အကြောင်းရင်းရှိသည်၏ အဖြစ် ကြောင့်ရင်း။ တံသမ္ပယုတ္တတ္တာစ၊ ထိုဖဿနှင့် မကွေမကွာ ယှဉ်သည် ၏ အဖြစ်ကြောင့်ရင်းပေတည်း။

နာမရူပ ပရိစ္ဆေဒ ပစ္စယပရိဂ္ဂဟ ဤဉာဏ် ၂ ပါးသည် ဉာတ ပရိညာမည်၏။ သမ္မသန,ဥဒယဗ္ဗယ ဤဉာဏ် ၂ ပါးသည် တီရဏ ပရိညာမည်၏။ ဘင်္ဂဉာဏ်မှစ၍, ပဟာနပရိညာမည်၏။

ဝိညာဏသ္မိံ ဟိ ပရိညာတေ တံ ပရိညာတမေဝ ဟောတိ တံမူလ ကတ္တာ သဟုပ္ပန္နတ္တာ စ။ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ [၁၀၅]

ဝိညာဏသ္မိံ၊ ဝိညာဏ်ကို။ပရိညာတေ၊ ပိုင်းခြား၍ သိအပ်သည် ရှိသော်။ တံ၊ထိုနာမ်ရုပ်ကို။ ဝါ- ထိုနာမ်ရုပ်သည်။ ပရိညာတမေဝ၊ သိအပ်ပြီး မည်သည်သာလျှင်။ ဟောတိ၊ဖြစ်၏။ ကသ္မာ၊ အဘယ် ကြောင့်ဆိုသော် တံမူလကတ္တာစ၊ ထိုဝိညာဏ်လျှင် အကြောင်းရင်း ရှိသည်၏ အဖြစ်ကြောင့်ရင်း။ သဟုပ္ပန္နတ္တာစ၊ ထိုဝိညာဏ်နှင့်အတူ တကွ ဖြစ်သောကြောင့်ရင်းပေတည်း။

ဤသံယုတ် အဋ္ဌကထာတို့၌ စက္ခုဝိညာဏ်နှင့် ယှဉ်သော နာမ်တရားတို့ကို စက္ခုဝိညာဏ်နှင့် အတူတကွ သိရမည်ဟူ၍ရင်း ဖဿတခုကိုသိလျှင် ဖဿကြောင့်ဖြစ်သောဝေဒနာ ဖဿနှင့်ယှဉ်သော ဝေဒနာတို့ကို သိခြင်းကိစ္စပြီး၏ဟူ၍ရင်း ဝိညာဏ်တခုကိုသိလျှင် ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်ဝိညာဏ်နှင့်တပြိုင်နက်အတူတကွဖြစ်သော နာမ်ရုပ်တရားတို့ကို သိခြင်းကိစ္စပြီး၏ဟူ၍ရင်း မိန့်ဆိုတော်မူသောကြောင့် ဖဿတခုထည်းကိုဖြစ်စေ ဝေဒနာတခုထည်းကိုဖြစ်စေ ဝိညာဏ်တခုထည်းကိုဖြစ်စေ ပဓာနပြု၍ သိရုံမျှဖြင့် တဝီထိအတွင်း၌ တပြိုင်နက် ဖြစ်ပေါ်ကြသော စိတ်စေတသိက် ၂၀-ကျော် ၃၀ ကျော်တို့ကို သိမ်းဆည်းရှုမှတ်ခြင်းကိစ္စ၊ သိမြင်ခြင်းကိစ္စ ပြီးကြောင်းမှာ အလွန်ထင်ရှားလေ၏။ ထိုမျှသာမကသေး ရုပ်တရားတခုခုကိုဖြစ်စေ၊ နာမ်တရားတခုခုကိုဖြစ်စေ ပဓာနပြု၍ရှုမှတ်သိမြင်ရုံမျှဖြင့်တပြိုင်နက်ဖြစ်ပေါ်ကြသော ရုပ်နာမ်အားလုံးကို သိခြင်းကိစ္စပြီးကြောင်း ကလည်း၊ သဟုပ္ပန္နတ္တာဟူသော အဋ္ဌကထာစကားဖြင့် မြဲမြံစွာမှတ်သားရာ၏။

ရုပ်နာမ်တရားအများတို့တွင် လွန်ကဲထင်ရှားသော ရုပ်နာမ်တပါးပါးကို ပဓာနပြု၍ ရှုမှတ်သိမြင်ရုံမျှဖြင့် တပြိုင်နက်ဖြစ်သော ရုပ်နာမ်အားလုံးတို့ကို ဝိပဿနာ စိတ်တကြိမ်ထည်းဖြင့် သိ၏ဟု ဆိုရာ၌ ထိုရုပ်နာမ်အားလုံးတို့ကို သရုပ်သဘောနှင့်တကွ ပြောပြနိုင်အောင် ထင်ခြင်းသိခြင်းမျိုးမဟုတ်ပေ။ စင်စစ်အားဖြင့် ထိုတပြိုင်နက်ဖြစ်သော ရုပ်နာမ်တရားတို့၌ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န အာရမ္မဏာနုသယဟုခေါ်သော အဝိဇ္ဇာအစရှိသော ကိလေသာ မကျရောက် မကိန်းဝင်နိုင်အောင် သိခြင်းမျိုးဖြစ်ပေ၏။

ထို့ကြောင့် မြင်သောခဏ၌ မြင်တယ်ဟု မှတ်သောသူမှာ စက္ခုပသာဒကိုသိလျှင် ၎င်းစက္ခုနှင့်အတူ ဖြစ်ပေါ်ကြသော ရူပါရုံ, စက္ခုဝိညာဏ်, ဖဿ, ဝေဒနာတို့ကိုလည်း အနုသယမကိန်းနိုင်အောင် သိခြင်း ကိစ္စပြီးလေ၏။ ရူပါရုံကို သိလျှင်လည်း ၎င်းရူပါရုံနှင့်အတူ ဖြစ်ပေါ်ကြသော စက္ခုပသာဒ, ဝိညာဏ်, ဖဿ, ဝေဒနာတို့ကိုလည်း သိခြင်းကိစ္စပြီးလေ၏။ စက္ခုဝိညာဏ်ကိုသိလျှင်လည်း ၎င်းဝိညာဏ်နှင့်အတူ ဖြစ်ပေါ်ကြသော စက္ခုပသာဒ, ရူပါရုံ, ဖဿ, ဝေဒနာ တို့ကိုလည်း သိခြင်းကိစ္စပြီးလေ၏။ ဖဿ, ဝေဒနာတို့ကို သိလျှင်လည်း နည်းတူပင် သိခြင်းကိစ္စပြီးလေ၏။ထို၅ ပါးသော တရားတို့တွင် တခုခုကိုသိလျှင် ကျန်သောတရား ၄ ပါးကိုသာ သိခြင်းကိစ္စ ပြီးသည်မဟုတ်သေး၊ စက္ခုပသာဒရူပါရုံတို့နှင့် တပြိုင်နက် ဖြစ်ပေါ်သော ရုပ်အားလုံးကိုငင်း၊ စက္ခုဝိညာဏ်, ဖဿ, ဝေဒနာတို့နှင့်ယှဉ်သော နာမ်အားလုံးကိုငင်း သိခြင်းကိစ္စ ပြီးလေသည်သာတည်း။ သိခြင်းကိစ္စပြီးဆိုသည်မှာ အာရမ္မဏာနုသယ မကိန်းသည်ကို ဆိုလို၏။ နောက်နောက်၌လည်း နည်းတူပင်။

ဤသို့မြင်သော ခဏတိုင်းခဏတိုင်း မြင်တယ်မြင်တယ် ဟုမှတ်၍ နေသောသူသည် မျက်စိရုပ်, အဆင်းရုပ်, မြင်သော စိတ်နာမ်, မြင်တွေ့နာမ်,မြင်ကောင်း,မြင်မကောင်း,မြင်လို့မကောင်းတကောင်း ခံစားမှုနာမ်, ဟူသော ၅ ပါးသော တရားတို့ကို နာမရူပပရိစ္ဆေဒဉာဏ်အခိုက်၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်အားဖြင့်သိ၏။ ပစ္စယပရိဂ္ဂဟဉာဏ်အခိုက်၌ ပဒဋ္ဌာန်အားဖြင့်လည်းသိ၏။ သမ္မသန, ဥဒယဗ္ဗယ, ဘင်္ဂဉာဏ်စသော အထက်ဉာဏ် ၁၀ ပါး အခိုက်အတန့်၌ အနိစ္စ, ဒုက္ခ,အနတ္တ, အခြင်းအရာအားဖြင့်လည်းသိ၏။ ထိုသို့ သိသော

ကြောင့် ထိုငါးပါးသော တရားတို့၌ ငါဘဲသူဘဲ ယောကျာ်းဘဲ မိန်းမဘဲ လက်ခြေဘဲ အင်္ကျီပုဆိုးဘဲ စသည်ဖြင့်၎င်း မြဲတယ် ချမ်းသာတယ် ငါကောင်းဘဲ စသည်ဖြင့်၎င်း၊ အလွဲအမှားအားဖြင့် ထင်မှတ်သိမြင်တတ်သော အဝိဇ္ဇာ မောဟဖြစ်ခွင့်မရှိ ကင်းစင်လေ၏။ ဤသို့ အဝိဇ္ဇာဖြစ်ခွင့် မရှိတော့ဘဲ ကင်းစင်သွားသည်ကိုပင် မြင်ဆဲခဏ၌ရှိသော ထို ၅ ပါးသောတရားတို့၌ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န အာရမ္မဏာနုသယခေါ်သော အဝိဇ္ဇာနုသယ မကိန်းဟု ဆိုသည်။ အဝိဇ္ဇာမကိန်းလျှင် အဝိဇ္ဇာဖြစ်ပါမှ အတူတကွပူးတွဲ၍ ဖြစ်နိုင်သော တဏှာနုသယ ဒိဋ္ဌာနုသယစသည်တို့လည်း မကိန်းဟု ဆိုရပေ၏။

ဤသို့မြင်ဆဲခဏ၌ အနုသယ ကိလေသာမကိန်းခဲ့သောကြောင့် မြင်ပြီးသည်မှ နောက်ခန နောက်ကာလ နောက်နေ့ နောက်လ နောက်နောက်နှစ်တို့၌ ထိုမှန်ကန်စွာ သိမြင်ခဲ့ပြီး၍ အနုသယကိန်းခွင့်မရခဲ့သော ငါးပါးသော တရားတို့နှင့် စပ်လျဉ်း၍ ငါကြည်လင်တယ်၊ ကြည်လင်ဒါ ငါ့မျက်စိဘဲ၊ ငါမြင်တယ်၊မြင်ဒါ ငါ၏စိတ်ဘဲ၊ မြင်တွေ့တာ ငါဘဲ၊ ငါမြင်လို့ကောင်းတယ်၊ ငါမြင်လို့မကောင်းဘူး၊ မြင်လို့ကောင်းဒါငါဘဲ၊ မြင်လို့မကောင်းဒါငါဘဲ၊ ယောကျာ်းကို မြင်တယ်၊ မိန်းမကိုမြင်တယ်၊ မြင်ရဒါယောကျာ်းဘဲ၊ မိန်းမဘဲ၊လက်ခြေဘဲ၊တုံးတိုင်ဘဲစသည်ဖြင့် အလွဲအမှားအားဖြင့်မထင်မှတ်မကြံစည်နိုင်တော့ပေ။ဤသို့ အလွဲအမှားအားဖြင့် ထင်မှတ်ကြံစည်မှုများစိတ်သန္တာန်၌မဖြစ်ပေါ်လာခြင်းကို ပရိယုဋ္ဌာန်ကိလေသာကင်းသည်ဟု ဆိုရပေ၏။ပရိယုဋ္ဌာန်ကိလေသာမဖြစ်ရသည်ရှိသော်၊၎င်းပရိယုဋ္ဌာန်မှုဆက်လက်၍ ဖြစ်ပွားတတ်သောဝီတိက္ကမကိလေသာနှင့် အကုသိုလ်

တံ့ ကုသိုလ်ကံတို့လည်း ဖြစ်ခွင့်မရှိ ကင်းငြိမ်းလေ၏။ ထိုကံမှ ဖြစ်ပွားလတံ့သော ရုပ်နာမ်ခန္ဓာလည်း ကင်းငြိမ်းလေ၏။

ဤသို့ဝိပဿနာဖြင့်ကိလေသာ, ကံ, ခန္ဓာတို့ကို ပယ်ရာ၌ ယုံကြည်မှတ်သားနိုင်ဘွယ်ရာ အဋ္ဌကထာဋီကာ စကားတို့ကို ထုတ်ပြဦးအံ့။

ဝိပဿနာ ဟိ တဒင်္ဂဝသေန သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ ကိလေသေ ပရိစ္စဇတိ၊ ဝိသုဒ္ဓိမဂ် ပဌမအုပ် (၂၀၂)

ဝိပဿနာ၊ ဝိပဿနာသည်။ခန္ဓာဘိသင်္ခါရေဟိ သဒ္ဓိံ၊အကျိုးဖြစ်သော ရုပ်နာမ်ခန္ဓာ၊ အကြောင်းကံ အဘိသင်္ခါရတို့နှင့်တကွ။ကိလေသေ၊ ကိလေသာတို့ကို။တဒင်္ဂဝသေန၊ တဒင်္ဂပဟာန်၏ အစွမ်းအားဖြင့်။ ပရိစ္စဇတိ၊ ပယ်စွန့်၏။

ဝိပဿနာက တဒင်္ဂပဟာန်ဖြင့် ပယ်ခြင်းမှာ ဒါန, သီလ, သာမညကုသိုလ်တို့၏ တဒင်္ဂပဟာန်ဖြင့် ပယ်ခြင်းနှင့် မတူကြောင်းကို ထင်ရှားစေလိုသည်ဖြစ်၍ ၎င်းဝိသုဒ္ဓိမဂ်၏အဖွင့် မဟာဋီကာ ပဌမအုပ် (၃၄၅) ၌။

တဒင်္ဂဝသေနာတိ ဧတ္ထ အနိစ္စာနုပဿနာ တာဝ တဒင်္ဂပ္ပဟာနဝသေန နိစ္စသညံ ပရိစ္စဇတိ၊ ပရိစ္စဇန္တီ စ တထာ အပ္ပဝတ္တိယံ ယေ "နိစ္စ"န္တိ ဂဟဏဝသေန ကိလေသာ, တမ္မူလကာ အဘိသင်္ခါရာ, တဒုဘယမူလကာ စ ဝိပါကက္ခန္ဓာ အနာဂတေ ဥပ္ပဇ္ဇေယျုံ၊ တေ သဗ္ဗေပိ အပ္ပဝတ္တိကရဏဝသေန ပရိစ္စဇတိ၊ တထာ ဒုက္ခာနုပဿနာဒယော၊(ဒုက္ခသညာဒယောမသင့်)ဟု ဖွင့်ပြတော်မူ၏။

တဒင်္ဂဝသေနာတိတွေ၊ တဒင်္ဂဝသေနဟူသောပါဠိ၌။ တာဝ၊ ရှေးဦးစွာ၊ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာသည်။ တဒင်္ဂပဟာနဝသေန၊ တဒင်္ဂပဟာန်၏ အစွမ်းအားဖြင့်။ နိစ္စသညံ၊ မြဲသည်ဟု ထင်မှတ်သော နိစ္စသညာကို။ ပရိစ္စဇတိ၊ ပယ်စွန့်၏။ စ၊ ဆက်၍ဆိုဦးအံ့။ သာ၊ ထိုအနိစ္စာနုပဿနာသည်။ ပရိစ္စဇန္တီ၊ ပယ်စွန့်သည်ရှိသော်။ (ဤပုဒ်ကို ပရိစ္စဇတိ ဟူသော ကြိယာ၌စပ်လေ)တထာအပ္ပဝတ္တိယံ၊ ထိုသို့မမြဲဟု ရှုသော အခြင်းအရာအားဖြင့် ဝိပဿနာဉာဏ် မဖြစ်ခဲ့သည်ရှိသော်(ဤပုဒ်ကို ဥပ္ပဇ္ဇေယျုံ၌ စပ်လေ။) နိစ္စန္တိဂဟဏဝသေန၊ မြဲ၏ဟုယူသည်၏ အစွမ်းအားဖြင့်။ ယေကိလေသာစ၊ အကြင်ကိလေသာတို့သည်ငင်း။တမ္မူလကာ၊ထိုကိလေသာလျှင် အကြောင်းရင်းရှိကုန်သော။ ယေအဘိသင်္ခါရာစ၊ အကြင်ကုသိုလ် အကုသိုလ်ကံ အဘိသင်္ခါရတို့သည်ငင်း။ တဒုဘယမူလကာ၊ ထိုကိလေသာနှင့်ကံ လျှင်အကြောင်း ရင်းရှိကုန်သော။ ယေဝိပါကက္ခန္ဓာစ၊ အကြင် ဝိပါကက္ခန္ဓာတို့သည်ငင်း။ အနာဂတေ၊ နောင်အခါ၌။ ဥပ္ပဇ္ဇေယျုံ၊ဖြစ်ပေါ်ကုန်ရာ၏။သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။တေ၊ထိုကိလေသာအဘိသင်္ခါရခန္ဓာတို့ကို။ အပ္ပဝတ္တိကရဏဝသေန၊ မဖြစ်အောင် ပြုသည်၏အစွမ်းအားဖြင့်။ပရိစ္စဇတိ၊ ပယ်စွန့်၏။ ဒုက္ခာနုပဿနာဒယော၊ ဒုက္ခာနုပဿနာစသည်တို့သည်။ တထာ၊ထို့အတူပင်တည်း။

အဓိပ္ပါယ်အကျဉ်းကား။ ဝိပဿနာဉာဏ်ကအနိစ္စ စသည်ဖြင့်သိမြင်လျှင် ထိုသိမြင်အပ်သော အာရုံကို နိစ္စစသည်ဖြင့်ထင်မှတ်စွဲလမ်းတတ်သော ကိလေသာဖြစ်ခွင့်မရပဲကင်းငြိမ်းလေ၏။ ကိလေသာကင်းလျှင်-ကိလေသာမှတဆင့် ဖြစ်ပွားလတ္တံ့သော ကံနှင့်ဘဝသစ်ခန္ဓာတို့ဖြစ်ခွင့်မရပဲကင်းငြိမ်းလေ၏။ ဤသို့ကိလေသာ ကံဝိပါကက္ခန္ဓာတို့ မဖြစ်နိုင်အောင် အမှန်အတိုင်းသိမြင်ခြင်းကို ဝိပဿနာက ကိ

လေသာကိုပယ်သည်ဟု ဆိုရပေသည်။ ထို့အတူပင် ဝိပဿနာဉာဏ်နာမ်ရုပ်သဘောမျှသာဟုသိမြင်နိုင်လျှင် ပညတ် အမျိုးမျိုးကိုစွဲလမ်းမှတ်ထင်တတ်သော ကိလေသာတို့ဖြစ်ခွင့်မရ။ ကိလေသာမဖြစ်ရလျှင် ကံ့နှင့် ဝိပါက္ခန္ဓာတို့ဖြစ်ခွင့်မရ။ ဤသို့ပညတ် စသည်ကို စွဲလမ်းတတ်သော ကိလေသာနှင့် ကံ့ ဝိပါက္ခန္ဓာတို့ မဖြစ်နိုင်အောင် ရုပ်နာမ်သဘောမျှစသည်ဖြင့် အမှန်အတိုင်း သိမြင်ခြင်းကိုလည်း နာမရူပ ပရိစ္ဆေဒ, ပစ္စယပရိဂ္ဂဟဉာဏ်များက ကိလေသာကိုပယ်သည်ဟု-မှတ်ယူရာ၏။

ဤသို့ဖြစ်ရာ၌ ဘဝသစ် ဝိပါက္ခန္ဓာ-အဘယ့်ကြောင့် မဖြစ်ပေါ်ဘဲ ချုပ်ငြိမ်းရပါသနည်း....ကုသိုလ်ကံ အကုသိုလ်ကံ ဝီတိက္ကမကိလေသာတို့မဖြစ်ပေါ်ဘဲချုပ်ငြိမ်းသောကြောင့်တည်း။

၎င်းကံနှင့် ဝီတိက္ကမကိလေသာတို့ အဘယ်ကြောင့် မဖြစ်ပေါ်ဘဲချုပ်ငြိမ်.ရပါသနည်း။ စိတ်သန္တာန်၌ ပရိယုဋ္ဌာန်ကိလေသာမဖြစ်ပေါ်ဘဲ ချုပ်ငြိမ်းသောကြောင့်တည်း။

၎င်းပရိယုဋ္ဌာန်ကိလေသာ အဘယ့်ကြောင့် မဖြစ်ပေါ်ဘဲ ချုပ်ငြိမ်းရပါသနည်း။မြင်ဆဲခဏတွင် ငါးပါးသောတရားတို့၌ အနုသယကိလေသာမကိန်းခဲ့သောကြောင့်ပေတည်း။

၎င်းအနုသယကိလေသာ အဘယ့်ကြောင့် မကိန်းပါသနည်း။ မြင်ဆဲခဏ၌ ငါးပါးသောတရားတို့ကို မှန်ကန်စွာ သိမြင်ခဲ့သောကြောင့်ပေတည်း။

၎င်းတရားငါးပါးတို့ကို အဘယ့်ကြောင့်မှန်ကန်စွာ သိမြင်ပါသနည်း မြင်သောသဘောကို—မြင်ဆဲခဏ၌ မြင်တယ် ဟုသတိပညာဖြင့် ကောင်းစွာမှတ်သောကြောင့်တည်း။

ဤဆိုအပ်ခဲ့ပြီးသောအစဉ်ဖြင့် တချက်ခုတ်,ဆယ်ချက်ပြတ်ဟု ဆို ဘိသကဲ့သို့ မြင်သောသဘောကို မြင်ဆဲခဏ၌ မြင်တယ်ဟု သတိ ပညာဖြင့် မမေ့မလျော့ကောင်းစွာမှတ်ရုံမျှဖြင့် ဖြစ်ထိုက်သောအာ နုသယ ပရိယုဋ္ဌာန် ဝီတိက္ကမ ကိလေသာ ကုသိုလ်ကံ အကုသိုလ်ကံ တို့နှင့်တကွ ၎င်းတို့မှတဆင့်ဖြစ်ပွားလတံ့သော အပါယ်ဘေး သံ သရာဘေး အမျိုးမျိုး တို့မဖြစ်ပေါ်လာဘဲ ချုပ်ငြိမ်း ကင်းပျောက် သွားနိုင်သည်ကိုသိမြင်ကြသဖြင့် ထိုကိလေသာဘေး, အပါယ်ဘေး, သံသရာဘေးတို့ကိုကြောက်ရွံ့သောပုဂ္ဂိုလ်သည်မြင်သော ခဏတည်း ဟူသော တံခါးပေါက်မှ ထိုဘေးအမျိုးမျိုးတို့မဝင်လာနိုင်ဘဲ ချုပ် ငြိမ်းကင်းပျောက်စေရန် မြင်သောခဏတိုင်း, ခဏတိုင်း မြင်တယ်, မြင်တယ် ဟုမှတ်ရာ၏။

ကြားသော ခဏစသည်တို့၌ ထူးရာကို အကျဉ်းအားဖြင့်သာ ပြဆိုပေအံ့၊ အကျယ်ကို မြင်သောခဏ၌ ဆိုခဲ့ပြီးသော စကားအစဉ် ကို မှီး၍ ချဲ့ကြလေ။

ကြားသောခဏဆိုသည်မှာ သောတဒွါရ သောတပသာဒဟုခေါ် သော ကြည်လင်သော နားရုပ်၌ သဒ္ဒါရုံဟု ခေါ်သော အသံ ရုပ် ထင်သောကြောင့် သောတဝိညာဏ်ဟုခေါ်သော ကြားသောစိတ် ဖြစ်ပေါ်၏။ သောတသမ္ဖဿဟု ခေါ်သော ကြားတွေ့မှုလည်း ဖြစ်ပေါ်၏။ သောတသမ္ဖဿဇာ ဝေဒနာဟုခေါ်သော၊ ကြားလို့ ကောင်းတဲ့ သဘော၊ ကြားလို့မကောင်းတဲ့ သဘော ကြားလို့ မကောင်းတကောင်း သဘောတည်းဟူသော ဤခံစားမှု သုံးပါးတို့ တွင် တပါးပါးသော ခံစားမှုလည်း ဖြစ်ပေါ်၏။ ဤဒွါရ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာဟူသော ၅ ပါးသော တရားတို့၏ ညီညွတ် စွာ ဖြစ်ပေါ်သောခဏ၌ ကြားမှုကိစ္စ တခုပြီးလေ၏။ ဤသို့တရား

ငါးပါးတို့ ညီညွတ်သောအားဖြင့် ကြားမှုကိစ္စ တခုပြီးသောခဏကို ကြားသောခဏဟု ခေါ်၏။

ကြားသောခဏ၌ ကြားသောသဘောကို ကြားတယ်ဟု မမှတ်ဘဲ မေ့မေ့လျော့လျော့နေသော ပုဂ္ဂိုလ်သည် ကြားသောခဏ၌ ရှိသော ကြည်လင်သော နားရုပ်-ကြားရသော အသံရုပ် ကြားတတ်သော စိတ်နာမ်-ကြားတွေ့မှု ဖဿနာမ်-ကြားလို့ကောင်းသော ခံစားမှု စသည် ဝေဒနာနာမ်ဟူသော ဤတရားငါးပါးတို့ကို မှန်ကန်စွာ မသိ။ မသိလျှင် မသိရသောရင်းတရားငါးပါး၌ အနုသယကိန်း၏ အကြောင်းညီညွတ်လျှင် ကြားပြီးသော နောက်ကာလတို့၌ ပရိယုဋ္ဌာန် ဝီတိက္ကမ ကိလေသာ စ~ည်ဲဖြစ်ပေါ်လေ၏။ ထို့ကြောင့်၊ သတိပဋ္ဌာန်ပါဠိတော်၌ သောတံ လောကေ ပိယရူပံ သာတရူပံ။ သဒ္ဒါ သောတဝိညာဏံ သောတသမ္ဖဿော သောတသမ္ဖဿဇာ ဝေဒနာ လောကေ ပိယရူပံ သာတရူပံ၊ တွေ့သာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ တွေ့ နိဝိသမာနာ နိဝိသတိ၊ဟုဟောတော်မူ၏။ အနက် အဓိပ္ပါယ်အကျယ်ကို ရှေးနည်းကိုမှီ၍ သိလေ။ သုတ်မဟာ (၂၄၆)

ဤသို့ကြားဆဲခဏ၌ ကြားတယ်ဟု မမှတ်မိသည်မှ အစပြု၍ အကြောင်းညီညွတ်ပါက ဝီတိက္ကမ ကိလေသာနှင့် အကုသိုလ်ကံ ကုသိုလ်ကံအမျိုးမျိုးအထိ ဖြစ်ပွား၍ အပါယ်ဘေး, သံသရာဘေး အမျိုးမျိုး ဖြစ်ပေါ်နိုင်သည်ကို သိမြင်သဖြင့် ကိလေသာဘေး, အပါယ်ဘေး, သံသရာဘေးတို့ကို ကြောက်ရွံ့သောပုဂ္ဂိုလ်သည် ကြားသော ခဏတည်းဟူသော တံခါးပေါက်မှ ထိုဘေးအမျိုးမျိုး ဘို့ မဝင်နိုင်စေရန် ကြားသောသဘောကို ကြားသောခဏတိုင်း, ခဏတိုင်း ကြားတယ်ကြတယ်ဟု ရှုမှတ်ရာ၏။

ထိုသို့ ကြားသောခဏ၌ ကြားတယ်ဟု ရှုမှတ်သူမှာ ကြားဆဲခဏ၌ရှိသော ငါးပါးသော တရားတို့တွင် ထင်ရှားသော တရားတခုခုကို ပဓာနပြု၍ မှန်ကန်စွာသိသဖြင့် ထိုကြားဆဲခဏ၌ တပြိုင်နက် ဖြစ်ပျက်ကြသော တရားအားလုံးကို သိခြင်းကိစ္စပြီး၏။

ကြည်လင်သော နားရုပ်ကို ပဓာနပြု၍ သိသည်ရှိသော် နားကြည်လင်သော သဘောဟူ၍၎င်း ၁၊ အသံကို ကြားစေတတ်သည်ဟူ၍၎င်း ၂၊ ကြားမှုတည်ရာဟူ၍၎င်း ၃၊ မှန်ကန်စွာ သိမြင်လေ၏။ (၁-သဘာဝလက္ခဏာ ၂-ရသ- ၃-ပစ္စုပဋ္ဌာန်အားဖြင့် ထင်ပုံသိပုံဟု မှတ်လေ။)

အသံရုပ်ကို ပဓာနပြု၍ သိသည်ရှိသော် နား၌ထင်သော သဘောဟူ၍၎င်း ၁၊ ကြားရတဲ့အာရုံဟူ၍၎င်း ၂၊ ကြားမှု၏ ကျက်စားရာဟူ၍၎င်း ၃၊ မှန်ကန်စွာ သိမြင်လေ၏။

ကြားသောစိတ်ကို ပဓာနပြု၍ သိသည်ရှိသော် ကြားတတ်တဲ့ သဘောဟူ၍၎င်း ၁၊ အသံမျှကိုသာ အာရုံပြုသည်ဟူ၍၎င်း ၂၊ ကြားရုံမျှကလေးဘဲ ဟူလို။ အသံဆီသို့ ရှေးရှုနေသည်ဟူ၍၎င်း။ ၃၊ မှန်ကန်စွာ သိမြင်လေ၏။

ဖဿဝေဒနာတို့ကို သိပုံမှာ မြင်ဆဲခဏ၌ ပြခဲ့သော ဖဿ, ဝေဒနာတို့ကို သိပုံနှင့်မထူးလှပြီ နည်းမှီ၍ သိလေ။

ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သောအခါ ပဒဋ္ဌာန်အားဖြင့်လည်း သိ၏။ ထို့ကြောင့် အဘိဓာန်ယျသုတ်၌။

သောတံ အဘိညေယျံ၊ သဒ္ဒါ အဘိညေယျာ၊သောတဝိညာဏံ အဘိညေယျံ၊ သောတသမ္ဖဿော အဘိညေယျော၊ ယမိဒံ သောတသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ တမ္ပိ အဘိညေယျံ- ဟု ဟောတော်မူ၏။ [သဠာယတနဝဂ္ဂ သံယုတ်[၂၅၈]

သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ် စသည်တို့သို့ ရောက်သောအခါ အနိစ္စအစရှိသော အခြင်းအရာအားဖြင့်လည်း သိ၏။ ထိုသို့မှန်ကန်စွာ သိတိုင်း, သိတိုင်း အလွဲအမှားအားဖြင့် ထင်မှတ် သိမြင်တတ်သော အဝိဇ္ဇာအစရှိသော အာရမ္မဏာနုသယမကိန်းသည် ဖြစ်၍ ပရိယုဋ္ဌာန် ဝီတိက္ကမ ကိလေသာစသည်တို့ ဖြစ်ခွင့်မရဘဲ ချုပ်ငြိမ်းလေကုန်၏။

ဤသို့ ကြားသောသဘောကို ကြားဆဲခဏ၌ ကြားတယ်ဟု သတိပညာဖြင့် မမေ့မလျော့ ကောင်းစွာ မှတ်ရှုမှုဖြင့် ကြားမှုနှင့် စပ်၍ ဖြစ်ထိုက်သော ကိလေသာ ကံတို့နှင့်တကွ၊ ၎င်းတို့မှတဆင့် ဖြစ်ပွားလတံ့သော အပါယ်ဘေး သံသရာဘေးအမျိုးမျိုးတို့ မဖြစ်ပေါ်လာဘဲ ချုပ်ငြိမ်းကင်းပျောက် သွားနိုင်သည်ကို သိမြင်သဖြင့် ထိုကိလေသာဘေး, အပါယ်ဘေး, သံသရာဘေးတို့ကို ကြောက်ရွံ့သော ပုဂ္ဂိုလ်သည်ကြားသော ခဏဘည်းဟူသော တံခါးပေါက်မှ ထိုဘေးအမျိုးမျိုးတို့ မဝင်နိုင်ဘဲ ချုပ်ငြိမ်းကင်းပျောက်စေရန် ကြားသောခဏတိုင်း ခဏတိုင်း ကြားတယ်ကြားတယ်ဟု မှတ်ရာ၏။

နံ့သောခဏဆိုသည်မှာ ဃာနဒွါရ ဃာနပသာဒ ဟု ခေါ်သော ကြည်လင်သော နှာခေါင်းရုပ်၌ ဂန္ဓာရုံဟုခေါ်သော အနံ့ရုပ်ထင်

သောကြောင့် ဈာနဝိညာဏ်ဟုခေါ်သော နံသောစိတ် ဖြစ်ပေ၏၊ ဈာနသမ္ဖဿဟုခေါ်သော နံတွေ့မှုလည်း ဖြစ်ပေ၏။ ဈာန သမ္ဖဿဇာဝေဒနာဟုခေါ်သော နံလို့ကောင်းတဲ့သဘော နံလို့မကောင်း တဲ့သဘော နံလို့မကောင်းတကောင်း သဘောတည်းဟူသော ဤခံစားမှုသုံးပါးတို့တွင် တပါးပါးသော ခံစားမှုလည်း ဖြစ်ပေ၏။ ဤဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာဟူသော ငါးပါးသောတရားတို့၏ ညီညွတ်စွာ ဖြစ်ပေသောခဏ၌ နံမှုကိစ္စ တခုပြီးလေ၏။ ဤသို့တရားငါးပါးတို့ ညီညွတ်သောအားဖြင့် နံမှုကိစ္စပြီးသောခဏကို နံသောခဏဟု ခေါ်၏။

ထိုနံသောခဏ၌ နံသောသဘောကို နံတယ်ဟုမမှတ်ဘဲ မေ့မေ့ လျော့လျော့နေသော ပုဂ္ဂိုလ်သည် နံသောခဏ၌ရှိသော ကြည်လင်သော နှာခေါင်းရုပ် နံရသော အနံ့ရုပ် နံတတ်သော စိတ်နာမ် နံတွေ့မှုဖဿနာမ် နံလို့ကောင်းသော ခံစားမှုစသည် ဝေဒနာနာမ် ဟူသော တရားငါးပါးတို့ကို မှန်ကန်စွာမသိ၊ မသိလျှင် မသိရသော ၎င်းတရားငါးပါးတို့၌ အနုသယကိန်း၏။ အကြောင်းညီညွတ်လျှင် ကြားပြီးသော နောက်ကာလတို့၌ ပရိယုဋ္ဌာန် ဝီတိက္ကမ ကိလေသာ စသည်ဖြစ်ပေလေ၏။ ထို့ကြောင့် သတိပဋ္ဌာန်ပါဠိတော်၌၊

ဃာနံ လောကေ ပိယရူပံ သာတရူပံ၊ ဂန္ဓာ ဃာနဝိညာဏံ ဃာနသမ္ဖဿော၊ ဃာနသမ္ဖဿဇာဝေဒနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ ဧတ္ထ နိဝိသမာနာ နိဝိသတိ ဟု ဟောတော်မူပေ၏။ သုတ်မဟာဝါ

[၂၄၆]

ဤသို့နံ့ဆဲခဏ၌ နံ့တယ်ဟု မမှတ်မိသည်မှ အစပြု၍ အကြောင်းညီညွတ်ပါက စိတ်ကြမ ကိလေသာနှင့် အကုသိုလ်ကံ ကုသိုလ်ကံ အမျိုးမျိုး အထိဖြစ်ပွား၍ အပါယ်ဘေး သံသရာဘေးအမျိုးမျိုး ဖြစ်ပေါ်နိုင်သည်ကို သိမြင်သဖြင့် ကိလေသာဘေး အပါယ်ဘေး သံသရာဘေးတို့ကို ကြောက်ရွံ့သောပုဂ္ဂိုလ်သည် နံ့သော ခဏတည်းဟူသော တံခါးပေါက်မှ ထိုဘေးအမျိုးမျိုးတို့ မဝင်နိုင်စေရန် နံ့သောသဘောကို နံ့သော ခဏတိုင်းခဏတိုင်း နံ့တယ်နံ့တယ်ဟု ရှုမှတ်ရာ၏။

ထိုသို့ နံ့သောခဏ၌ နံ့တယ်ဟု ရှုမှတ်သောပုဂ္ဂိုလ်မှာ နံ့သောခဏ၌ရှိသော ငါးပါးသောတရားတို့တွင် ထင်ရှားသော တရားတခုခုကို ပဓာနပြု၍ မှန်ကန်စွာသိသဖြင့် ထိုနံ့ဆဲခဏ၌ တပြိုင်နက် ဖြစ်ပျက်ကြသော သဘောတရားအားလုံးကို သိခြင်းကိစ္စပြီး၏။

ကြည်လင်သော နှာခေါင်းရုပ်ကို ပဓာနပြု၍ သိသည်ရှိသော် နှာခေါင်းကြည်လင်သော သဘောဟူ၍ရင်း ၁၊ အနံ့ကို နံ့စေတတ်သည်ဟူ၍ရင်း ၂၊ နံ့မှု၏ တည်ရာဟူ၍ရင်း ၃၊ မှန်ကန်စွာ သိမြင်လေ၏။

အနံ့ရုပ်ကို ပဓာနပြု၍ သိသည်ရှိသော် နှာခေါင်း၌ထင်သော သဘောဟူ၍ရင်း ၁။ နံ့ရတဲ့အာရုံဟူ၍ရင်း ၂၊ နံ့မှု၏ကျက်စားရာဟူ၍ရင်း ၃၊ မှန်ကန်စွာ သိမြင်လေ၏။

နံသောစိတ်ကို ပဓာနပြု၍ သိသည်ရှိသော် နံတတ်တဲ့သဘော ဟူ၍ရင်း ၁၊ အနံ့မျှကိုသာ အာရုံပြုသည်ဟူ၍ရင်း ၂၊ အနံ့ဆီသို့ ရှေးရှုနေသည်ဟူ၍ရင်း ၃၊ မှန်ကန်စွာ သိမြင်လေ၏။

ဖဿဝေဒနာတို့ကို သိပုံမှာ မြင်ဆဲခဏ၌ ပြအပ်ပြီးသောနည်းကို မှီ၍ သိလေ၏။

ပစ္စယပရိဂ္ဂဟဉာဏ်သို့ရောက်သောအခါ ပဒဋ္ဌာန်အားဖြင့်လည်း သိမြင်၏။ ထို့ကြောင့် အဘိညေယျသုတ်၌။

ဃာနံ အဘိညေယျံ၊ ဂန္ဓာ ဃာနဝိညာဏံ၊ ဃာနသမ္ဖဿော၊ ယမိဒံ ဃာနသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ အဘိညေယျံ- ဟုဟောတော်မူ၏။ သဋ္ဌာ (၂၅၈)

သမ္မသန ဥဒယဗ္ဗယ ဘင်္ဂဉာဏ်စသည်တို့သို့ ရောက်သောအခါ အနိစ္စအစရှိသော အခြင်းအရာအားဖြင့်လည်း သိမြင်၏။ ထိုသို့ မှန်ကန်စွာ သိတိုင်းသိတိုင်း ထိုသိအပ်သော ငါးပါးသောတရားတို့၌ အလွဲအမှားအားဖြင့် ထင်မှတ်သိမြင်တတ်သော အဝိဇ္ဇာအစရှိသော အာရမ္မဏာနုသယ မကိန်းသည်ဖြစ်၍ ပရိယုဋ္ဌာန် ဝီတိက္ကမ ကိလေသာ စသည်တို့ ဖြစ်ခွင့်မရဘဲ ချုပ်ငြိမ်းလေကုန်၏။

ဤသို့ နံသောသဘောကို နံဆဲခဏ၌ နံတယ်ဟု သတိ ပညာဖြင့် မမေ့မလျော့ ကောင်းစွာ မှတ်ရုံမျှဖြင့် နံမှုနှင့်စပ်၍ ဖြစ်ထိုက်သော ကိလေသာ ကံတို့နှင့်တကွ ဝဋ်တို့မှတဆင့် ဖြစ်ပွားလတံ့သော

အပါယ်ဘေး, သံသရာဘေး,အမျိုးမျိုးတို့ မဖြစ်ပေါ်လာဘဲ ချုပ်ငြိမ်းကင်းပျောက်သွားနိုင်သည်ကို သိမြင်သဖြင့် ထိုကိလေသာဘေး, အပါယ်ဘေး, သံသရာဘေး တို့ကို ကြောက်ရွံ့သော ပုဂ္ဂိုလ်တို့သည် နံသောခဏတည်းဟူသော တံခါးပေါက်မှ ထိုဘေးအမျိုးမျိုးတို့ မဝင်လာနိုင်ဘဲ ချုပ်ငြိမ်းကင်းပျောက်စေရန် နံသောခဏတိုင်း,ခဏတိုင်း နံတယ်,နံတယ်ဟု မှတ်ရာ၏။

စားသောခဏဆိုသည်မှာ ဇိဝှါဒွါရ ဇိဝှါပသာဒဟု ခေါ်သော ကြည်လင်သောလျှာရုပ်၌ ရသာရုံဟုခေါ်သော အရသာရုပ် ထင်သောကြောင့် ဇိဝှါဝိညာဏ်ဟုခေါ်သော စားသောစိတ် ဖြစ်ပေါ်၏။ (ချို,ချင်,စပ်,ဖန်,ငန်,ခါးဟူသော အရသာကို သိသောစိတ် ဖြစ်သည်ဟု ဆိုလိုသည်။) ဇိဝှါသမ္ဖဿဟုခေါ်သော စားတွေ့မှုလည်း ဖြစ်ပေါ်၏၊ ဇိဝှါသမ္ဖဿဇာဝေဒနာဟုခေါ်သော စားလို့ကောင်းတဲ့သဘော စားလို့မကောင်းတဲ့သဘော စားလို့မကောင်းတကောင်းသဘောဟူသော ဤခံစားမှုသုံးပါးတို့တွင် တပါးပါးသော ခံစားမှုလည်း ဖြစ်ပေါ်၏။ ဤဒွါရအာရုံ ဝိညာဏ်ဖဿ ဝေဒနာဟူသော ငါးပါးသောတရားတို့၏ ညီညွတ်စွာ ဖြစ်ပေါ်သောခဏ၌ စားမှုကိစ္စ တခုပြီးလေ၏။ ဤသို့ တရားငါးပါးတို့၏ ညီညွတ်သောအားဖြင့် စားမှုကိစ္စ တခုပြီးသောခဏကို စားသောခဏဟုခေါ်၏။

ထိုစားသောခဏ၌ စားသောသဘောကို စားတယ်ဟုမမှတ်ဘဲ မေ့မေ့လျော့လျော့နေသော ပုဂ္ဂိုလ်သည် စားသောခဏ၌ရှိသော

ကြည်လင်သော လျှာရုပ် စားရသော အရသာရုပ် စားတတ်သော စိတ်နာမ် စားတွေ့မှုဖဿနာမ် စားလိုကောင်းသော ခံစားမှု စသည် ဝေဒနာနာမ်ဟူသော ဤတရားငါးပါးတို့ကို မှန်ကန်စွာမသိ၊ မသိလျှင် မသိရသောဝင်းတရားငါးပါးတို့၌အနုသယကိန်း၏၊အကြောင်း ညီညွတ်လျှင် စားပြီးသော နောက်ကာလတို့၌ ပရိယုဋ္ဌာန် ဝီတိက္ကမ ကိလေသာ စသည်ဖြစ်ပေါ်လေ၏။ ထို့ကြောင့် သတိပဋ္ဌာန်ပါဠိတော်၌ ဇိဝှါ လောကေ ပိယရူပံ သာတရူပံ ရသာ ဇိဝှါဝိညာဏံ ဇိဝှါသမ္ဖဿော ဇိဝှါသမ္ဖဿဇာဝေဒနာ လောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာတဏှာ ဥပ္ပဇ္ဇမာနာဥပ္ပဇ္ဇတိ ဧတ္ထ နိဝိသမာနာ နိဝိသတိဟု ဟောတော်မူ၏။ သုတ်မဟာ [၂၄၆]

ဤသို့ စားဆဲခဏ၌ စားတယ်ဟု မမှတ်မိသည်မှ အစပြု၍ အကြောင်းညီညွတ်ပါက ဝီတိက္ကမကိလေသာနှင့် အကုသိုလ်ကံ ကုသိုလ်ကံ အမျိုးမျိုးအထိ ဖြစ်ပွား၍ အပါယ်ဘေး, သံသရာဘေး အမျိုးမျိုးဖြစ်ပေါ်နိုင်သည်ကို သိမြင်သဖြင့် ကိလေသာဘေး အပါယ်ဘေး, သံသရာဘေးတို့ကို ကြောက်ရွံ့သော ပုဂ္ဂိုလ်သည် စားသောခဏ တည်းဟူသော တံခါးပေါက်မှ ထိုဘေးအမျိုးမျိုးတို့ မဝင်နိုင်စေရန် စားသောသဘောကို စားသောခဏတိုင်း, ခဏတိုင်း စားတယ်, စာတယ်ဟု မှတ်ရာ၏။

ထိုသို့ စားသောခဏ၌ စားတယ်ဟု ရှုမှတ်သောပုဂ္ဂိုလ်မှာ စားသောခဏ၌ ရှိသော ငါးပါးသောတရားတို့တွင် ထင်ရှားသော တရားတခုခုကို ပဓာနပြု၍ သိသဖြင့် ထိုစားဆဲခဏ၌ တပြိုင်နက် ဖြစ်ပျက်ကြသောသဘောတရားအားလုံးကို သိခြင်းကိစ္စပြီး၏။

ကြည်လင်သော လျှာရုပ်ကို ပဓာနပြု၍ သိသည်ရှိသော် လျှာကြည်လင်သော သဘောဟူ၍ရင်း ၁၊ အရသာကို သိစေသည်ဟူ၍ရင်း ၂၊ အရသာကို သိမှု၏ တည်ရာဟူ၍ရင်း ၃၊ မှန်ကန်စွာ သိမြင်လေ၏။

အရသာရုပ်ကို ပဓာနပြု၍ သိသည်ရှိသော် လျှာ၌ထင်သော သဘောဟူ၍ရင်း ၁၊ လျှာဖြင့်သိရတဲ့ အာရုံဟူ၍ရင်း ၂၊ လျှာဖြင့် သိမှု၏ ကျက်စားရာဟူ၍ရင်း ၃၊ မှန်ကန်စွာ သိမြင်လေ၏။

စားတဲ့စိတ် အရသာကို သိတဲ့စိတ် ကို ပဓာနပြု၍ သိသည်ရှိသော် အရသာကို သိတဲ့သဘောဟူ၍ရင်း ၁၊ အရသာမျှကိုသာ သိတတ်သည်ဟူ၍ရင်း ၂၊ အရသာဆီသို့ ရှေးရှုနေသည်ဟူ၍ရင်း ၃၊ မှန်ကန်စွာ သိမြင်လေ၏။

ဖဿ, ဝေဒနာတို့ကို သိပုံမှာ မြင်ဆဲခဏ၌ ပြအပ်ပြီးသော နည်းကို မှီ၍သိလေ။

ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သောအခါ ပဒဋ္ဌာန်အားဖြင့်လည်း။ သိမြင်၏။ ဤသို့ သိမြင်အပ်သည်ကို ရည်၍ အဘိဓမ္မာသုတ်၌ ဇိဝှါ အဘိဇာနံ၊ ရသာ ဇိဝှါဝိညာဏံ ဇိဝှါသမ္ဖဿော စသည်ဖြင့် ဟောတော်မူ၏။

သမ္မသန ဥဒယဗ္ဗယ ဘင်ဉာဏ် စသည်တို့သို့ ရောက်သောအခါ အနိစ္စအစရှိသော အခြင်းအရာအားဖြင့်လည်း သိမြင်၏၊ ထိုသို့ မှန်ကန်စွာ သိတိုင်းသိတိုင်း ထိုသိအပ်သော တရားငါးပါးတို့၌ အလွဲ

အမှားအားဖြင့် ထင်မှတ်သိမြင်တတ်သော အဝိဇ္ဇာနုသယ အစရှိသော အာရမ္မဏာနုသယ မကိန်းသည် ဖြစ်၍ ပရိယုဋ္ဌာန်ဝီတိက္ကမ ကိလေသာစသည်တို့ဖြစ် ခွင့်မရဘဲ ချုပ်ငြိမ်းလေကုန်၏။

ဤသို့ စားသောသဘောကို စားဆဲခဏ၌ စားတယ်ဟု သတိပညာဖြင့် မမေ့မလျော့ဘဲ ကောင်းစွာ မှတ်နေရုံမျှဖြင့် စားမှုနှင့် စပ်၍ ဖြစ်ထိုက်သော ကိလေသာကံတို့နှင့်တကွ ၎င်းတို့မှတဆင့် ဖြစ်ပွားလတံ့သော အပါယ်ဘေး, သံသရာဘေး အမျိုးမျိုးတို့ မဖြစ်ပေါ်လာဘဲ ချုပ်ငြိမ်းကင်းပျောက်သွားနိုင်သည်ကို သိမြင်သဖြင့် ထိုကိလေသာဘေး, အပါယ်ဘေး, သံသရာဘေးတို့ကို ကြောက်ရွံ့သော ပုဂ္ဂိုလ်သည် စားသော ခဏတည်းဟူသော တံခါးပေါက်မှ ထိုဘေးအမျိုးမျိုးတို့ မဝင်လာနိုင်ဘဲ ချုပ်ငြိမ်းကင်းပျောက်စေရန် စားသောခဏတိုင်း,ခဏတိုင်း စားတယ်,စားတယ်ဟု မှတ်ရာ၏။

ဤနေရာ၌ အရသာကို သိမှုသည်ပင် စားမှုဟုဆိုလိုရင်း ဖြစ်၍ ချိုသည်ကိုသိလျှင်, ချိုတယ်ဟုမှတ်၊ချဉ်သည်ကိုသိလျှင်, ချဉ်တယ်ဟု မှတ်။ ထို့အတူ စပ်,ဖန်,ငန်,ခါး တို့ကိုသိလျှင်လည်း စပ်တယ်, ဖန်တယ်, ငန်တယ်, ခါးတယ်ဟုမှတ်လေ၊ ထမင်းပွဲကို ကြည့်မှု လက်ပြင်မှု ပစပ်ဖွင့်မှု ပိတ်မှု ဝါးမှု လျှာပြင်မှု မျိုမှုတို့ကား မနောဒွါရ၌ ဆိုလတံ့သော မှတ်နည်းဖြင့် မှတ်လေ။ထမင်းကို မြင်မှုမှာ မြင်ဆဲခဏ၌ မှတ်ပုံအတိုင်းမှတ်၊ လက်နှင့်ထမင်းထိမှု နှုတ်ခမ်း,လျှာ, လည်ချောင်း စသည်တို့နှင့် ထိမှုများမှာထိသောခဏ၌ ပြလတံ့သောနည်းဖြင့်မှတ်၊ ထမင်းနံ့, ဟင်းနံ့ မျှားနံသောအခါ နံသောခဏ၌ ပြပြီးသော မှတ်နည်းအတိုင်း နံတယ်ဟုမှတ်လေ။

ထိုသောခဏ ဆိုသည်ကား ကာယဒွါရ ကာယပသာဒဟုခေါ်သော ကြည်လင်သော ကိုယ်ရုပ်၌ ဖေါဋ္ဌဗ္ဗာရုံဟု ခေါ်သော ကြမ်းထမ်း, ခက်မာနူးညံ့သော ပထဝီအတွေ့အထိ၊ ပူ-နွေး-အေးသော တေဇော အတွေ့အထိ၊ တောင့်တင်း,ပျော့အိသော ဝါယော အတွေ့အထိရုပ်ထင်သောကြောင့် ကာယဝိညာဏ်ဟုခေါ်သော ထိသိစိတ်ဖြစ်ပေါ်၏။ ကာယသမ္ဖဿ ဟုခေါ်သော ထိတွေ့မှုလည်းဖြစ်ပေါ်၏။ကာယသမ္ဖဿဇာဝေဒနာဟုခေါ်သော ထိလို့ကောင်းတဲ့သဘော၊ ထိလို့မကောင်းတဲ့သဘော၊ ထိလို့မကောင်းတကောင်းသဘော ဟူသော ဤခံစားမှုသုံးပါးတို့တွင် တပါးပါးသော ခံစားမှုသည်လည်းဖြစ်ပေါ်၏။ ဤဒွါရ, အာရုံ, ဝိညာဏ်, ဖဿ,ဝေဒနာ ဟူသော ငါးပါးသောတရားတို့၏ ညီညွတ်စွာဖြစ်ပေါ်သောခဏ၌ ထိမှုကိုစွတခုပြီးလေ၏။ ဤသို့တရားငါးပါးတို့ညီညွတ်သောအားဖြင့် ထိမှုကိစ္စတခုပြီးသော ခဏကို ထိသောခဏဟုခေါ်၏။

ထိုထိသောခဏ၌ ထိသောသဘောကို ထိဘယ်ဟုမမှတ်ဘဲ မေ့မေ့လျော့လျော့ နေသောပုဂ္ဂိုလ်သည် ထိသောခဏ၌ရှိသော ကြည်လင်သော ကိုယ်ရုပ်၊ထိရသော အတွေ့အထိရုပ်၊ထိဘတ်သော စိတ်နာမ်၊ ထိတွေ့မှုဖဿနာမ်၊ ထိလို့ကောင်းသော ခံစားမှုစသည် ဝေဒနာနာမ်ဟူသော ဤငါးပါးသောတရားတို့ကို မှန်ကန်စွာမသိ, မသိလျှင် မသိရသော ၎င်းတရားငါးတို့၌ အနုသယကိန်း၏။ အကြောင်းညီညွတ်လျှင် ထိပြီးသော နောက်ကာလတို့၌ ပရိယုဋ္ဌာန် ဝီတိက္ကမ ကိလေသာစသည်ဖြစ်ပေါ်လေ၏။ထို့ကြောင့် သဘိပဋ္ဌာန် ပါဠိတော်၌။

ကာယော လောကေ ပိယရူပံ သာတရူပံ၊ဖေါဋ္ဌဗ္ဗာ ကာယဝိညာဏံ ကာယသမ္ဖဿော ကာယသမ္ဖဿဇာ ဝေဒနာ လောကေ ပိယရူပံ သာတရူပံ၊ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ဧတ္ထ နိဝိသမာနာ နိဝိသတိ- ဟုဟောတော်မူပေ၏။ (သုတ်မဟာဝါ—၂၄၆)၊

ဤသို့ ထိဆဲခဏ၌ ထိတယ်ဟု မမှတ်မိသည်မှ အစပြု၍ အကြောင်းညီညွတ်ပါက ဝီတိက္ကမကိလေသာနှင့် အကုသိုလ်ကံ ကုသိုလ်ကံ အမျိုးမျိုးအထိ ဖြစ်ပွား၍ အပါယ်ဘေး, သံသရာဘေး, အမျိုးမျိုး ဖြစ်ပေါ်နိုင်သည်ကို သိမြင်သဖြင့် ကိလေသာဘေး, အပါယ်ဘေး, သံသရာဘေး,တို့ကို ကြောက်ရွံ့သော ပုဂ္ဂိုလ်သည် ထိုသောခဏတည်းဟူသော တံခါးပေါက်မှ ထိုဘေးအမျိုးမျိုးတို့ မဝင်နိုင်စေရန် ထိသောသဘောကို ထိသောခဏတိုင်း ခဏတိုင်း ထိတယ်, ထိတယ်ဟုမှတ်ရာ၏။

ထိုသို့ထိသောခဏ၌ ထိတယ်ဟုရှုမှတ်သော ပုဂ္ဂိုလ်မှာ ထိသောခဏ၌ရှိသော-၅-ပါးသောတရားတို့တွင် ထင်ရှားသော တရားတခုခုကို ပဓာနပြု၍သိသဖြင့် ထိုထိဆဲခဏ၌ တပြိုင်နက်ဖြစ်ပျက်ကြသော သဘောတရားအားလုံးကို သိခြင်းကိစ္စပြီး၏။

ကြည်လင်သော ကိုယ်ရုပ်ကို ပဓာနပြု၍ သိသည်ရှိသော် ကိုယ်ကြည်လင်သော သဘောဟူ၍ရင်း—၁၊ ထိစေသည်ဟူရင်း—၂၊ ထိမှု၏တည်ရာဟူ၍ရင်း—၃၊ မှန်ကန်စွာသိမြင်လေ၏။

အတွေ့အထိရုပ်ကို ပဓာနပြု၍သိသည်ရှိသော် ကိုယ်၌ထင်သော သဘောဟူ၍ရင်း—၁၊ ထိရတဲ့အာရုံဟူရင်း—၂၊ ထိမှု၏ကျက်စားရာဟူရင်း—၃၊ မှန်ကန်စွာသိမြင်လေ၏။

ထိတ်စိတ်ကိုပဓာနပြု၍ သိသည်ရှိသော် ထိတတ်သော သဘောဟူ၍၎င်း-၁၊ အတွေ့အထိမျှကိုသာ အာရုံပြုသည်ဟူ၍၎င်း-၂၊ အတွေ့အထိ ဆိသို့ရှေးရှုနေသည်ဟူ၍၎င်း ၃၊ မှန်ကန်စွာသိမြင်လေ၏။

ဖဿဝေဒနာတို့ကိုသိပုံမှာ နည်းတူပင်။ ပစ္စယပရိဂ္ဂဟဉာဏ်သို့ရောက်သောအခါ ပဒဋ္ဌာန်အားဖြင့်လည်း သိမြင်၏၊ ဤသို့သိမြင်အပ်သည်ကိုရည်၍ အဘိဓမ္မာသုတ်၌ ကာယော အဘိဓမ္မယျော ဖောဋ္ဌဗ္ဗာ ကာယဝိညာဏံ ကာယသမ္ဖဿော စသည်ဖြင့်ဟောတော်၏။ (သဠာ-၂၅၈။)

သမ္မသန ဥဒယဗ္ဗယ ဘင်္ဂဉာဏ်စသည်တို့သို့ ရောက်သောအခါ အနိစ္စအစရှိသော အခြင်းအရာအားဖြင့်လည်း သိမြင်၏။ထိုသို့မှန်ကန်စွာသိတိုင်းသိတိုင်း ထိုသိအပ်သော တရားငါးပါးတို့၌ အလွဲအမှားအားဖြင့် ထင်မှတ်သိမြင်တတ်သော အဝိဇ္ဇာ အစရှိသော အာရမ္မဏာနုသယ မကိန်းသည်ဖြစ်၍ ပရိယုဋ္ဌာန်ဝီတိက္ကမကိလေသာ စသည်တို့ ဖြစ်ခွင့်မရဘဲ ချုပ်ငြိမ်းလေကုန်၏။

ဤသို့ထိသောသဘောကို ထိသောခဏ၌ ထိတယ်ဟုသတိပညာဖြင့် မမေ့မလျော့ဘဲ ကောင်းစွာမှတ်နေရုံမျှဖြင့် ထိမှုနှင့်စပ်၍ ဖြစ်ထိုက်သော ကိလေသာ ကံတို့နှင့်တကွ ၎င်းတို့မှတဆင့် ဖြစ်ပွားလတံ့သော အပါယ်ဘေး၊ သံသရာဘေး၊ အမျိုးမျိုးတို့ မဖြစ်ပေါ်လာဘဲ ချုပ်ငြိမ်းကင်းပျောက်သွားနိုင်သည်ကို သိမြင်သဖြင့် ထိုကိလေသာဘေး၊ အပါယ်ဘေး၊ သံသရာဘေးတို့ကို ကြောက်ရွံ့သောပုဂ္ဂိုလ်သည် ထိသောခဏတည်းဟူသော တံခါးပေါက်မှ ထိုဘေးအမျိုး

မျိုးတို့ မဝင်လာနိုင်ဘဲ ချုပ်ငြိမ်းကင်းပျောက်စေရန် ထိသောခဏ တိုင်း ခဏတိုင်း ထိတယ်ဟုမှတ်ရာ၏။

ဤထိမှုသည် အတွင်းအပြင် တကိုယ်လုံး၌ ပြန့်နှံ့၏၊ မြေဖျာ ကြမ်း- တုံး-တိုင်-ဒုတ်--ဆူး-ငြောင့်-ထီး-ဘိနပ်-လုံချီ-အင်္ကျီ-နေပူ-လေ ပူ-ရေပူ-လေ‌ေ ရေ‌ေ အိပ်ရာ-ခေါင်းအုံး စသောင်အစရှိသော ဗဟိဒ္ဓအာ တွေ့အထိ အမျိုးမျိုးတို့နှင့်ရင်း၊ ခြေထောက်အချင်းချင်း- လက်အ ချင်းချင်း-ခြေနှင့်လက် ခြေလက်,ဆံပင်တို့နှင့် ကိုယ်-ကိုယ်ထဲ၌ သွေး လေ-အသား, အကြော,အရိုးအစရှိသောအဇ္ဈတ္တအတွေ့အထိ အမျိုး မျိုးတို့နှင့်ရင်း ထိမှုဖြစ်ပေါ်တိုင်း မလစ်မလပ်အောင် မှတ်ရလေ သည်။ အာရုံအထူးဝေဒနာအထူးများ မပေါ်လျှင် ထိတိုင်းထိတိုင်း ထိတယ်ထိတယ်ဟုသာမညသာ မှတ်လေ။အာရုံအထူး-သုခ ဒုက္ခဝေ ဒနာ အထူးများပေါ်လာသောအခါ အာရုံဝေဒနာ အားလျော် စွာ မှတ်ရာ၏။ မှတ်ပုံကား- ပူလျှင်ပူတယ်ဟုမှတ်၊ လျှော်- စေယ်ဟု မှတ်၊ နွေးလျှင်-နွေးတယ်ဟုမှတ်၊ ချမ်းလျှင်းချမ်းတယ်ဟုမှတ်၊ အိုက် လျှင်-အိုက်တယ်ဟုမှတ်၊ မောပန်းလျှင်-မောတယ်, ပန်းတယ်ဟုမှတ်၊ နာလျှင်-နာတယ်ဟုမှတ်၊ ကျဉ်လျှင်-ကျဉ်တယ်ဟုမှတ်၊ ကိုက်ခဲလျှင်- ကိုက်ခဲတယ်ဟုမှတ်၊ ယားလျှင် ယားတယ်ဟုမှတ်၊ ညောင်းလျှင်- ညောင်းတယ်ဟုမှတ်၊ မူးလျှင်-မူးတယ်ဟုမှတ်၊ တွေ့ထိလို့ကောင်း လျှင်-ကောင်းတယ်ဟုမှတ် ဤသို့စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုနေ ကြ မြန်မာစကား ရှိသည့်အတိုင်း အာရုံသဘော ဝေဒနာသဘော များကို ထင်ရှားအောင်မှတ်လေ။

ထိုသို့မှတ်သဖြင့် ဤထိမှု၌အသိဉာဏ်ဖြစ်ပုံ အထူးများကိုဆိုရန် ရှိသေး၏။ အဘယ်နည်းဟူမူ-

ပထဝီဖောဋ္ဌဗ္ဗရုပ်ကိုပဓာနပြု၍ သိသည်ရှိသော် ခက်မာသည်ဟူ၍ရင်း၊ ကြမ်းထမ်းသည် ဟူ၍ရင်း၊ နူးညံ့သည်ဟူ၍ရင်း-၁၊ တပေါင်းတည်းဖြစ်သောရုပ်တို့၏တည်ရာဟူ၍ရင်း- ၂၊တပေါင်းတည်းဖြစ်သောရုပ်တို့ကို ခံလင့်ရှက်ဆောင်သည် ဟူ၍ရင်း၊ ၃၊ မှန်ကန်စွာသိမြင်၏။

တေဇောဖောဋ္ဌဗ္ဗရုပ်ကိုပဓာနပြု၍ သိသည်ရှိသော် ပူသည်ဟူ၍ရင်း၊နွေးသည်ဟူ၍ရင်း၊အေးသည်ဟူ၍ရင်း၊၁၊ ရင့်ကျက်စေသည်ဟူ၍ရင်း- ၂၊တပေါင်တည်းဖြစ်သောရုပ်တို့ကို နူးညံ့စေသည်ဟူရင်း-၃၊မှန်ကန်စွာသိမြင်၏။

ဝါယောဖောဋ္ဌဗ္ဗကို ပဓာနပြု၍ သိသည်ရှိသော် ထောက်ကန်သည်ဟူ၍ရင်း၊ တောင့်တင်းသည်ဟူ၍ရင်း၊ ပျော့အိသည်ဟူ၍ရင်း၊ ၁၊ ရွေ့ရှားသည်, လှုပ်ရှားသည်ဟူ၍ရင်း၊ ၂၊ ရွေ့ဆောင်သည် တွန်းဆောင်သည်ဟူ၍ရင်း၊ ၃၊မှန်ကန်စွာသိ၏။

ကိုယ်ဆင်းရဲဟုခေါ်သော ကာယိကဒုက္ခဝေဒနာကို ပဓာနပြု၍ သိသည်ရှိသော် မကောင်းတဲ့အတွေ့ကို ခံစားသောသဘောဟူ၍ရင်း၊ ၁၊ စိတ်စေတသိက်တို့ကို ညှိုးစေသည်ဟူ၍ရင်း၊ ၂၊ ကိုယ်ထဲ၌ ကျဉ်နာခံခက်သည်ဟူ၍ရင်း၊ ၃၊ မှန်ကန်စွာသိ၏။

ကိုယ်ချမ်းသာဟု ခေါ်သော ကာယိကသုခကို ပဓာနပြု၍ သိသည်ရှိသော် ကောင်းတဲ့အတွေ့ကို ခံစားသောသဘော ဟူ၍ရင်း၊ ၁၊စိတ် စေတသိက်တို့ကို ရွှင်လန်းတိုးပွားစေသည်ဟူ၍ရင်း၊ ၂၊ကိုယ်ထဲ၌သာယာစရာ ခံသာသည် ဟူ၍ရင်း၊ ၃၊ မှန်ကန်စွာသိမြင်၏။

သိသောခဏဆိုသည်မှာ မနောဒွါရဟု ခေါ်သော ဘဝင်စိတ် အာဝဇ္ဇန်းစိတ်၌ ဓမ္မာရုံဟု ခေါ်သော ပရမတ်သဘော ပညတ်သဘောထင်သောကြောင့် မနောဝိညာဏ်ဟု ခေါ်သော သိသောစိတ်ဖြစ်ပေါ်၏။ မနောသမ္ဖဿဟု ခေါ်သောထိတွေ့မှု ကြုံတွေ့မှုလည်း ဖြစ်၏။မနောသမ္ဖဿဇာဝေဒနာဟုခေါ်သော သိလို့ကြုံလို့ ကောင်းတဲ့သဘော သိလို့ကြုံလို့ မကောင်းတဲ့သဘော၊ သိလို့ကြုံလို့ မကောင်းတကောင်း သဘောတည်းဟူသော ဤခံစားမှု သုံးပါးတို့တွင် တပါးပါးသော ခံစားမှုလည်း ဖြစ်ပေါ်၏။ ဤဒွါရ,အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာဟူသော ငါးပါးသော တရားတို့၏ ညီညွတ်စွာဖြစ်ပေါ်သော ခဏ၌ သိမှုကြုံမှုကိစ္စတခုပြီးလေ၏။ ဤသို့ တရားငါးပါးတို့ ညီညွတ်သောအားဖြင့် သိမှု,ကြုံမှု ကိစ္စတခုပြီးသော ခဏကိုသိသောခဏဟု ခေါ်၏။ **သံ-ဠ-တတိယ အုပ်-၅.**

မနောတိ ဘဝင်္ဂစိတ္တံ။ ဓမ္မာတိ အာရမ္မဏံ။ မနောဝိညာဏန္တိ သဟာဝဇ္ဇနကဇဝနံ။ ပ။ အာဝဇ္ဇနံ ဘဝင်္ဂတော အမောစေတွာ မနောတိ သဟာဝဇ္ဇနေန ဘဝင်္ဂံ ဒဋ္ဌဗ္ဗံ၊ ဓမ္မာတိ အာရမ္မဏံ၊ မနောဝိညာဏန္တိ ဇဝနဝိညာဏံ-ဟူသော သံယုတ်အဋ္ဌကထာ ၅ နှင့်အညီ ဒွါရ, အာရုံဝိညာဏ်တို့ကို ကောက်ယူလေ။ သို့ဖြစ်သောကြောင့် ပသာဒရုပ်သုခုမရုပ် စိတ်စေတသိက်နိဗ္ဗာန် ပညတ်ဟူသော ဓမ္မာရုံအစစ် ၆-ပါး၊ မနောဒွါရ၌ထင်သော သြဠာရိကရုပ် ၁၂-ပါး၊ ဤအလုံးစုံကို မနောဒွါရ၌ လည်းထင်၊ မနောဝိညာဏ်၏လည်း ဖြစ်ကြောင်းဖြစ်၍ ဓမ္မာရုံ၌ ကောက်ယူအပ်၏၊ ဝိပဿနာ၏ အာရုံ အရာ၌မူကား လောကီတရား တို့ကိုသာလျှင် ကောက်ယူအပ်၏။ ပညတ်နှင့်လောကုတ္တရာ တရားတို့ကို မယူအပ်။

ကမ္မဇံ အာယတန ဒွါရဝသေန ပါကဋံ ဟောတိ။ ပ ။ မနောဒွါရေ ဟဒယဝတ္ထု ကာယ ဘာဝ ဒသကဝသေန စေဝ ဥတုသမုဋ္ဌာနာဒိဝသေန စ စတုပဏ္ဏာသ မေဝ-ဟု မိန့်ဆိုအပ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ဒုတိယအုပ် ၂၅၉) နှင့်အညီ ဟဒယဝတ္ထုကိုလည်း မနောဒွါရ၌ သွင်းယူရာ၏။

ထိုသိသောခဏ၌ သိသောသဘောကို သိတယ်ဟု မမှတ်ဘဲ မေ့မေ့လျော့လျော့ နေသောပုဂ္ဂိုလ်သည် သိသောခဏ၌ ရှိသော နှလုံးစိတ်, နှလုံးရုပ်၊ ပစ္စုပ္ပန်ဖြစ်သော သဘောအာရုံ သိသောစိတ်, တွေ့သောဖဿ, ခံစားသော ဝေဒနာဟူသော ဤတရား ၆-ပါးတို့ကို မှန်ကန်စွာမသိ၊ မသိလျှင် မသိရသော ၎င်းတရားတို့၌ အနုသယကိန်း၏၊ အကြောင်းညီညွတ်လျှင် သိပြီး ကြံပြီးသည်မှ နောက်ကာလတို့၌ ပရိယုဋ္ဌာန် ဝီတိက္ကမ ကိလေသာ စသည် ဖြစ်ပေါ်လေ၏။ ထို့ကြောင့် သတိပဋ္ဌာန် ပါဠိတော် (သုတ်မဟာဝါ ၂၄၆) ၌—

မနော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ဓမ္မာ၊ မနောဝိညာဏံ၊ မနောသမ္ဖဿော၊ မနောသမ္ဖဿဇာ ဝေဒနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ-ဟု ဟောတော်မူပေ၏။

ဤသို့သိသောခဏ၌ သိတယ်ဟု မမှတ်မိသည်မှ အစပြု၍ အကြောင်းညီညွတ်ပါက ဝီတိက္ကမ ကိလေသာနှင့် အကုသိုလ်

ကံ ကုသိုလ်ကံ အမျိုးမျိုးအထိ ဖြစ်ပွား၍ အပါယ်ဘေး, သံသရာဘေးအမျိုးမျိုး ဖြစ်ပေါ်နိုင်သည်ကို သိမြင်သဖြင့် ကိလေသာဘေး, အပါယ်ဘေး, သံသရာဘေးတို့ကို ကြောက်ရွံ့သော ပုဂ္ဂိုလ်သည် သိသောခဏတည်းဟူသော တံခါးပေါက်မှ ထိုဘေးအမျိုးမျိုးတို့ မဝင်နိုင်စေရန် သိသောသဘောကို သိသောခဏတိုင်း ခဏတိုင်း သိတယ် သိတယ်ဟု မှတ်ရာ၏။

ထိုသို့ သိသောခဏ၌ သိတယ်ဟု ရှုမှတ်သောပုဂ္ဂိုလ်မှာ သိသောခဏ၌ရှိသော ၆–ပါးသော တရားတို့တွင် ထင်ရှားသော တရားတခုကို ပဓာနပြု၍ သိသဖြင့် ထိုသိဆဲခဏ၌ရှိသော တပြိုင်နက်ဖြစ်ပျက်ကြသော တရားအားလုံးကို သိခြင်းကိစ္စပြီး၏။

ထို ၆–ပါးတို့တွင် နှလုံးစိတ်ကို ပဓာနပြု၍ သိသည်ရှိသော် သဘောအာရုံတို့၏ ထင်ရာဟူ၍ မှန်ကန်စွာ သိ၏။

နှလုံးရုပ်ကို သိသည်ရှိသော် သိမှု စိတ် ကူးကြံစည်မှု စဉ်းစားဆင်ခြင်မှုတို့၏ တည်ရာသဘောဟူ၍၎င်း ၁၊ သိမှုအမျိုးမျိုးတို့ကို ဆောင်တတ်သည်ဟူ၍၎င်း ၂၊ ၎င်းသိမှုတို့ကို ထမ်းဆောင်သော အခြင်းအရာရှိသည်ဟူ၍၎င်း ၃၊ မှန်ကန်စွာ သိမြင်၏။

လောကီ ရုပ်နာမ် ပရမတ်အာရုံကို ပဓာနပြု၍ သိသည်ရှိသော် ထိုရုပ် ထိုနာမ်တို့၏ သဘာဝလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်အားဖြင့် သိမြင်၏။

ကြံသိသော မနောဝိညာဉ်ကို ပဓာနပြု၍ သိသည်ရှိသော် ကြံသောသဘော တွေးသောသဘော စဉ်းစားဆင်ခြင်သော သဘော သိသောသဘောဟူ၍ရှုင်း ၁၊ သဘောအာရုံကို အာရုံပြုကာမျှဟူ၍ရှုင်း ၂၊ သဘောအာရုံဆီသို့ ရှေးရှုနေသည်ဟူ၍ ရှုင်း ၃၊ မှန်ကန်စွာ သိမြင်လေ၏။

ဖဿ ဝေဒနာတို့ကို သိပုံမှာ မြင်ဆဲခဏ၌ ဆိုခဲ့ပြီးကို မှီ၍ သိလေ။

အထူးကား ရှင်လန်းဝမ်းမြောက်သောအခါ ဝမ်းသာမှုသုခ ဝေဒနာကို ပဓာနပြု၍ ဝမ်းမြောက်တယ် ဝမ်းသာတယ်ဟု မှတ်ရာ၏။ စိတ်နှလုံး မသာယာသောအခါ ဒုက္ခဝေဒနာကို ပဓာနပြု၍ ဝမ်းနဲတယ် စိတ်လေးတယ် စိတ်ပူတယ် စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုနေကျအတိုင်းသာ မှတ်ရာ၏။

ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သောအခါ ပဒဋ္ဌာန်အားဖြင့်လည်း သိ၏။ ဤသို့မှတ်၍ မှန်ကန်စွာသိမြင်အပ်သည်ကို ရည်၍ အဘိညေယျသုတ်၌—

မနော အဘိညေယျော၊ ဓမ္မာ အဘိညေယျာ၊ မနော ဝိညာဏံ အဘိညေယျံ၊ မနောသမ္ဖဿော အဘိညေယျော၊ ယမ္ပိဒံ မနောသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အဘိညေယျံ၊ ဟု ဟောတော်မူ၏။ ( သဠာယတနဝဂ္ဂသံယုတ် ၂၅၈ )

သမ္မသန ဥဒယဗ္ဗယ ဘင်္ဂဉာဏ်တို့သို့ ရောက်သောအခါ အနိစ္စအစရှိသော အခြင်းအရာအားဖြင့်လည်း မှန်ကန်စွာ သိ၏၊

ထိုသို့ မှန်ကန်စွာသိတိုင်း သိတိုင်း သိအပ်သော ထိုတရား ဖေ-
ပါးတို့၌ အလွဲအမှားအားဖြင့် ထင်မှတ်သိမြင်တတ်သော အဝိဇ္ဇာ
အစရှိသော အနုသယမကိန်းသည်ဖြစ်၍ ပရိယုဋ္ဌာန်ဝီတိက္ကမ
ကိလေသာ စသည်တို့ ဖြစ်ခွင့်မရဘဲ ချုပ်ငြိမ်းလေကုန်၏။

ဤသို့ သိသောသဘောကို သိသောခဏ၌ သိတယ်ဟု သတိ
ပညာဖြင့် မမေ့မလျော့ဘဲ ကောင်းစွာ မှတ်နေရုံမျှဖြင့် ထိုသိမှု
နှင့်စပ်၍ဖြစ်ထိုက်သော ကိလေသာကံတို့နှင့်တကွ ၎င်းတို့မှတ
ဆင့် ဖြစ်ပွားလတ္တံ့သော အပါယ်ဘေး, သံသရာဘေးအမျိုးမျိုး
တို့ မဖြစ်ပေါ်လာဘဲ ချုပ်ငြိမ်း ကင်းပျောက်သွားနိုင်သည်ကို
သိမြင်သဖြင့် ထိုကိလေသာဘေး, အပါယ်ဘေး, သံသရာဘေး
တို့ကိုကြောက်ရွံ့သော ပုဂ္ဂိုလ်သည် သိသောခဏ တည်းဟူ
သောတံခါးပေါက်မှ ထိုဘေးအမျိုးမျိုးတို့ မဝင်လာနိုင်ဘဲ
ချုပ်ငြိမ်း ကင်းပျောက်စေရန် သိသောခဏတိုင်း ခဏတိုင်း
သိတယ် သိတယ်ဟု မှတ်ရာ၏။

ဤသိသော ခဏ၌ သိတယ်ဟု မှတ်ရမည်ဟု ပြခြင်းသည်
အကျဉ်းမျှကို ပြခြင်း ဖြစ်၏၊ အကျယ်အားဖြင့် ဆိုသော် ဤသိ
မှုသည် အာရုံအားဖြင့်လည်း အလွန်များ၏၊ ဝိညာဏ်အားဖြင့်
လည်း အလွန်များ၏၊ သိပုံ အခြင်းအရာ အားဖြင့်လည်း အလွန်
များ၏၊ ထို့ကြောင့် ထင်သောအာရုံအား လျော်စွာရင်း၊ သိ
တတ်သော ဝိညာဏ်အား လျော်စွာရင်း၊ သိပုံအခြင်းအရာအား
လျော်စွာရင်း မှတ်ရာ၏၊ မှတ်ပုံအကျယ်ကို အမြွက်မျှ ပြဦးအံ့။

သွားသောအခါ လှုပ်ရှား ဝါယောလွန်ကဲသော ရုပ်အပေါင်းသည် မနေဘဲ့ရွေ့ဒါရ၌ ထင်၏၊ ထို့ကြောင့် သွားလိုသောစိတ်ကို၊ သွားချင်တယ်ဟု မှတ်၊သွားရုပ်ကိုသွားတယ် ဟူ၍သော်ငင်း၊ ဘယ်လှမ်းတယ် ညာလှမ်းတယ် ဟူ၍သော်ငင်း၊ ကြွတယ် လှမ်းတယ် ချတယ် ဟူ၍သော်ငင်း မှတ်။ (သွားလိုသောစိတ် လှုပ်ရှား ဝါယောတို့ကို ပဓာနပြု၍ တပြိုင်နက် ဖြစ်သော ရုပ်နာမ်အားလုံးကို သိ၏။)

ထို့အတူ ရပ်သောအခါ ထိုင်သောအခါ အိပ်သောအခါတို့၌ ရပ်လို ထိုင်လို အိပ်လိုသော စိတ်ကို ရပ်ချင်တယ် ထိုင်ချင်တယ် အိပ်ချင်တယ်ဟု မှတ်၊ ထောက်ကန် တောင့်တင်းသည့် ဝါယောလွန်ကဲသော ရုပ်ကို ရပ်တယ် ထိုင်တယ် အိပ်တယ် ဟု မှတ်။

(ရပ်လို ထိုင်လို အိပ်လိုသောစိတ် ထောက်ကန် ဝါယောတို့ကို ပဓာနပြု၍ တပြိုင်နက်ဖြစ်သော ရုပ်နာမ် အားလုံးတို့ကို သိ၏။)

ထို့ကြောင့် သတိပဋ္ဌာန် ပါဠိတော်၌ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ- စသည်ကို ဟောတော်မူ၏။

ကွေး, ဆန့်, ကိုင်, တွန်း, ဆွဲ, ယိမ်း, ကုန်း, ကော့, ငုံ့, မော့ စောင်းငဲ့, စသည်ကို ပြုလိုသောစိတ်ကို ကွေးချင်တယ်, ဆန့်ချင်တယ်, ကိုင်ချင်တယ်, တွန်းချင်တယ်, ဆွဲချင်တယ်, ယိမ်းချင်တယ်, ကုန်းချင်တယ်, ကော့ချင်တယ်, ငုံ့ချင်တယ်, မော့ချင်တယ်, စောင်းငဲ့ချင်တယ် စသည်ဖြင့် မှတ်။ ဝါယောလွန်ကဲ

သော ကွေးရုပ်စသည်တို့ကို ကွေးတယ်, ဆန့်တယ်, ကိုင်တယ်, တွန်းတယ်, ဆွဲတယ်, ယိမ်းတယ်, ကုန်းတယ်, ကော့တယ်, ငုံ့တယ်, မော့တယ်, စောင်းငဲ့တယ် စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုနေကျအတိုင်း မှတ်ရာ၏။

(ကွေးလိုသော စိတ်စသည်နှင့် ကွေးသော အခြင်းအရာအားဖြင့် ဖြစ်သော လှုပ်ရှားဝါယော စသည်တို့ကို ပဓာနပြု၍ ကိုအခိုက်အတန့်၌ တပြိုင်နက် ဖြစ်ပျက်သော ရုပ်နာမ်အားလုံးကို သိ၏၊ သိခြင်းကိစ္စပြီး၏ဟု ဆိုလိုသည်။)

ထို့ကြောင့် အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီဟောတိ စသော သမ္ပဇညပဗ္ဗကို ဟောတော်မူ၏။

မျက်ရည် နှာရည် ယိုထွက်သောအခါ ချွေးထွက်သောအခါ စသည်တို့၌ ယိုစီးသော အာပေါ ဓာတ်သည် မနောဒွါရ၌ ထင်၏၊ ထိုယိုစီးသော သဘောကို ယိုးစီးတယ် ယိုထွက်တယ် ဟုမှတ်။

စိုထိုင်းသော မျက်နှာစသည်တို့ကို စမ်းသပ် မိသောအခါ မနောဒွါရ၌ စိုထိုင်းသော ဖွဲ့စည်းသော အာပေါဓာတ်ထင်၏၊ ၎င်းကို စိုထိုင်းတယ် ဖွဲ့စည်းတယ် ဟုမှတ်။

ယောကျ်ား မိန်းမတို့၏ စိတ်မာန်ဖြင့် ရယ်ခြင်း ပြုံးခြင်း ကြံစည်ခြင်း စသည်တို့ကို ပြုမိသောအခါ ရယ်တယ် ပြုံးတယ် ကြံစည်တယ် စသည်ဖြင့်မှတ်၊ ထိုသို့မှတ်သဖြင့် ဘာဝရုပ်နှင့် တကွ ထိုအမူအရာ ရုပ်နာမ်တို့ကို သိ၏။

လိုချင်တောင့်တခြင်း, စိတ်ဆိုးခြင်း, ဝန်တိုခြင်း, မနာလိုခြင်း, ပျံ့လွင့်ခြင်း, တည်ခြင်း, နှစ်သက်အားရခြင်း, ကြည်ညိုခြင်း, သတိရခြင်း, မေ့ခြင်း, ရှက်ခြင်း, ကြောက်ခြင်း, ချစ်ခြင်း သနားခြင်း, မုန်းခြင်း, ရွံခြင်း, စသည်တို့ ဖြစ်ပေါ်သောအခါ မနောဒွါရ၌ ထင်လာသော ထိုနာမ်တရားကို ပြောဆိုနေကျအတိုင်း မြန်မာတဇ္ဇာပညတ်ဖြင့် လိုချင်တယ်, တောင့်တတယ်, စိတ်ဆိုးတယ် စသည်ဖြင့် မှတ်လေ။ (ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သောနာမ်တရား တခုခုကို ပဓာနပြု၍ တပြိုင်နက်ဖြစ်သော တရားအားလုံးကို သိ၏။)

ဤသို့ ၆-ပါးသော ခဏတို့၌ ဖြစ်ပေါ်တိုင်းသော ဒွါရ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာတို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့်ရင်း၊ ဥဒယ, ဝယအားဖြင့်ရင်း၊ အနိစ္စ အစရှိသော အခြင်းအရာတို့ဖြင့်ရင်း ထင်အောင် သိမြင်အောင် မလစ်လပ်စေရဘဲ တမှတ်နှင့်တမှတ် ဆက်စပ်စေလျက် ရှုမှတ်၍နေသော ပုဂ္ဂိုလ်သည် အနုသယ ကိန်းခွင့်မရသည်ဖြစ်၍ ပရိယုဋ္ဌာန် စသည်ကင်းလျက် ကိလေသာနှင့် မရောမယှက်ဘဲ မြင်ရုံမျှ ကြားရုံမျှ နံရုံမျှ စားရုံမျှ ထိရုံမျှ သိရုံမျှသာ တည်လေ၏။

ထိုသို့ အနုသယ ပရိယုဋ္ဌာန် ကိလေသာတို့နှင့် မရောမယှက်ဘဲ သက်သက် မြင်ရုံမျှ စသည်၌ တည်လျက် သင်္ခါရုပေက္ခာဉာဏ် အထိ အစဉ်အတိုင်းတက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်သို့ ဖြောင့်မှန်စွာ ရောက်လေ၏။

ထို့ကြောင့် ဥဒါန်းပါဠိတော် ၌–

တသ္မာ တိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ ဧဝံ ဟိ တေ ဗာဟိယ သိက္ခိတဗ္ဗံ။ ယတော ခေါ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ တတော တွံ ဗာဟိယ န တေန။ ယတော တွံ ဗာဟိယ န တေန၊ တတော တွံ ဗာဟိယ န တတ္ထ။ ယတော တွံ ဗာဟိယ န တတ္ထ၊ တတော တွံ ဗာဟိယ နေဝိဓ, ဟုရံ, န ဉဘယမန္တရေန။ ဧသေဝန္တော ဒုက္ခဿ - ဟူ၍ ဟောတော် မူပေ၏။

(သဠာယတနသံယုတ် မာလုကျပုတ္တသုတ် ၂၈၅) ၌လည်း နည်းတူပင် ဟောတော်မူ၏။

ဗာဟိယ၊ ချစ်သား ဗာဟိယ။ တသ္မာ၊ ထိုသို့ သင်ကတရား ကျင့်လို၍ တရားဟောရန် တောင်းပန် သောကြောင့်။ တေ၊ သင်သည်။ ဧဝံ၊ ဤဆိုလတံ့သောနည်းဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်ရမည်။ ယထာ။ အကြင် အခြင်းအရာအားဖြင့် ကျင့်လျှင်။ တေ၊ သင့်အား။ ဒိဋ္ဌေ၊ မြင်သည်၌။ ဒိဋ္ဌမတ္တံ၊ မြင်ရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ သုတေ၊ ကြားသည်၌။ သုတမတ္တံ၊ ကြားရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ မုတေ၊ နံ စား တွေ့ထိသောအားဖြင့် ရောက်သည်၌။ မုတမတ္တံ၊ ရောက်ရုံမျှသည်။ ဝါ၊ နံရုံ

မျှ စားရုံမျှ ထိရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဝိညာတေ၊ သိသည့်၌။ ဝိညာတမတ္တံ၊ သိရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ တေ၊ သင်သည်။ ဧဝံ ဟိ၊ ဤဆိုခဲ့ပြီးသော အခြင်းအရာ ဖြင့်သာလျှင်။ သိက္ခိတဗ္ဗံ၊ ကျင့်ရမည်။ ဗာဟိယ၊ ချစ်သား ဗာဟိယ၊ တေ၊ သင်အား။ ဝါ၊ သင်၏စိတ်၌။ ယတော၊ အကြင်အခါ၌။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ မြင်သည့်၌ မြင်ရုံမျှဖြစ်လတံ့။ သုတေ သုတမတ္တံ ဘဝိဿတိ၊ ကြားသည့်၌ ကြားရုံမျှ ဖြစ်လတံ့။ မုတေ မုတမတ္တံ ဘဝိဿတိ၊ ရောက်သည့်၌ ရောက်ရုံမျှ ဖြစ်လတံ့။ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ သိသည့်၌ သိရုံမျှဖြစ်လတံ့။ တတော၊ ထိုသို့မြင်ရုံမျှ ကြားရုံမျှ နံရုံမျှ စားရုံမျှ ထိရုံမျှ သိရုံမျှ ဖြစ်သောအခါ၌။ (မြင်သော် ကြားသော်လဲ လောဘ ဒေါသ ဖြစ်ခွင့်မရှိဘဲ မြင်ရုံ ကြားရုံမျှသာ, ဟူလို) ဗာဟိယ၊ ချစ်သားဗာဟိယ။ တွံ၊ သင်သည်။ တေန၊ ထိုမြင်မှုစသည်နှင့်စပ်သော ကိလေသာနှင့် တကွ။ န ဘဝိဿတိ၊ မဖြစ်လတံ့။ (မြင်မှုစသည်ကို အကြောင်းပြု၍ အနုသယ ပရိယုဋ္ဌာန် မဖြစ်တော့ပြီ ဟူလို) ယတော တွံ ဗာဟိယ န တေန၊ ဗာဟိယ အကြင်အခါ၌ သင်သည် ထိုမြင်မှုစသည်နှင့်စပ်သော ကိလေသာနှင့် တကွမဖြစ်။ တတော တွံ ဗာဟိယ န တတ္ထ၊ ဗာဟိယ ထိုအခါ၌သင်သည် ထိုမြင်မှုစသည်၌ မြင်တာ ငါပဲ, ငါ၏ဥစ္စာပဲ, ငါ၏ကိုယ်ပဲ စသည်ဖြင့် ကိလေသာဖြင့် မတည်လတံ့။ ယတော တွံ ဗာဟိယ န တတ္ထ၊ ဗာဟိယ အကြင်အခါ၌ သင်သည် ထိုမြင်မှုစသည်၌ ကိလေသာဖြင့်စွဲလမ်း၍မတည်။ဗာဟိယ၊ချစ်သား

ဗာဟိယ။တတော၊မြင်မှုစသည်၌စွဲလမ်း၍ မတည်သော ထိုအခါ ၌။တွံ၊ သင်သည်။ ဣဓ၊ ဤပစ္စုပ္ပန်လောက၌။နေဝ အတ္ထိ၊ မရှိ တော့သည်သာလျှင်တည်း။ ဟုရံ၊ တပါးသော နောင်တမလွန် လောက၌။ န အတ္ထိ၊ မရှိတော့သည်သာလျှင်။ ဥဘယ မန္တရေန၊ ဤလောက တပါးသော လောကအားဖြင့် လောကနှစ်ပါးလုံး၌။ န အတ္ထိ၊ မရှိတော့သည်သာလျှင်တည်း။ ဧသေဝ၊ ကိလေသာဖြင့် စွဲလမ်းအပ်သော သင်မရှိခြင်းသည်ပင်လျှင်။ ဒုက္ခဿ၊ သံသရာ ဝဋ်ဆင်းရဲ၏။ အန္တော၊ အဆုံးအပြီး နိဗ္ဗာန်ကြီးပေတည်း။

ဤသုတ်၏ အနက်အဓိပ္ပါယ် အကျယ်ကို သိလိုလျှင် ဥဒါန်းပါဠိတော် အဋ္ဌကထာ သဠာယတနသံယုတ် အဋ္ဌကထာ(၂၈) နှင့် ဝိဘင်း အနုဋီကာ (၁၈၂)တို့၌ ကြည့်ရှုလေ။

အရှင်ဗာဟိယသည် ဤသုတ်ကို ကြားနာရုံမျှဖြင့် ခိပ္ပါဘိညတေဒဂ်ရ ရဟန္တာ ဖြစ်တော်မူ၏။

ဘာဝေတဗ္ဗာ ပနိစ္စေဝံ၊ သတိပဋ္ဌာန ဘာဝနာ။
ပဋိပတ္တိ ရသဿာဒံ၊ ပတ္ထယန္တေန သာသနေ။

ဤကျမ်းသည်ကား ဝိပဿနာ လမ်းညွှန်ဟူသော အမည်အားလျော်စွာ ဝိပဿနာလမ်းမှန်ကို ကျမ်းဂန်နှင့်အညီ ညွှန်ကြားရုံမျှသာ ဖြစ်၍ ဤကျမ်းကို ကြည့်ရှုရုံမျှဖြင့် ဝိသေသဉာဏ်အမြင်ရှိသူတို့မှ တပါး တခြားသော သာမန်ပုဂ္ဂိုလ်တို့သည် ဆရာသမားမရှိဘဲ ဝိပဿနာဉာဏ်, မဂ်ဖိုလ်ဉာဏ်သို့ ရောက်အောင်ဖြောင့်မှန်စွာ မကျင့်နိုင်ပေရာ၊ ထို့ကြောင့် ကျမ်းဂန်နှင့်

အညီ ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာ ဉာဏ်တို့နှင့်တကွ ဖလသမာပတ် ဝင်စားပုံအထိ မယွင်းမမှားရအောင် နေရာတကျ ညွှန်ပြနိုင်ပါသည်ဟု ဝန်ခံနိုင်သော ဆရာသမားထံ၌ နည်းခံ၍ အားထုတ်ကြပါလေ သူတော်ကောင်းတွေတို့။

ပြီး၏။

ပစ္စုပ္ပန်ကို ရှေးဦးစွာ ဝိပဿနာ ရှုမှတ်အပ်ကြောင်း

နှင့်

ဝိပဿနာက အာရမ္မဏာ နုသယကိုပယ်ကြောင်း

ကို

အထောက်အထားပြုရန် သာဓက

# ပါဠိ အဋ္ဌကထာ ဋီကာ

# ပါဠသင်္ဂဟ

# ပါဠိ အဋ္ဌကထာ ဋီကာ ပါဌသင်္ဂဟ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟယေ။
ဥပရိပဏ္ဏာသပါဠိတော် နံပါတ် (၂၂၆)
နေတ္တိပါဠိတော်နံပါတ် (၁၂၈)

အတီတံ၊ အတိတ်ဖြစ်သော။ ယံ ခန္ဓပဉ္စကံ၊ အကြင်ခန္ဓာငါးပါးအပေါင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုခန္ဓာငါးပါးအပေါင်းသည်။ ပဟီနံ၊ ပျောက်ခဲ့ ချုပ်ခဲ့ပြီ။ (ပဟီနံ နိရုဒ္ဓံ အတ္ထင်္ဂတံ-ဟူသော အဋ္ဌကထာဖွင့်နှင့်အညီ အနက်ပေးသည်) တသ္မာ၊

ထိုသို့ပျောက်ခဲ့ပြီး ချုပ်ခဲ့ပြီးဖြစ်သောကြောင့်။ အတီတံ၊အတိတ်ခန္ဓာငါးပါးကို။န အန္ဝာဂမေယျ၊ တဏှာဒိဋ္ဌိတို့ဖြင့် အစဉ်မလိုက်ရာ။ အနာဂတဉ္စ၊ အနာဂတ် ခန္ဓာငါးပါးအပေါင်းသည်လည်း။ အပ္ပတ္တံ၊ မရောက်သေး မဖြစ်သေး။ (အပ္ပတ္တံ အဇာတံ အနိဗ္ဗတ္တံ အဋ္ဌကထာဖွင့်) တသ္မာ၊ ထိုသို့ မဖြစ်သေးသောကြောင့်။ အနာဂတံ၊ အနာဂတ်ခန္ဓာငါးပါးကို။ နပ္ပဋိကင်္ခေ၊ တဏှာဒိဋ္ဌိတို့ဖြင့် မမြှော်လင့် မတောင့်တရာ။

ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ဓမ္မဉ္စ၊ ခန္ဓာငါးပါး တရားကိုလည်း။ တတ္ထ တတ္ထ၊ ထိုထိုဖြစ်ဆဲခဏ၌သာလျှင်။ ယံ ဝိပဿတိ၊ ၇-ပါးသော အနုပဿနာတို့ဖြင့် အကြင်ရှုမှတ်၏။ (တတ္ထ တတ္ထာတိ ပစ္စုပ္ပန္နမ္ပိ ဓမ္မံ ယတ္ထ ယတ္ထေဝ သော ဥပ္ပန္နော၊ တတ္ထ တတ္ထေဝ အနိစ္စာနုပဿနာဒီဟိ သတ္တဟိ အနုပဿနာဟိ ဝိပဿတိ-ဟူသော အဋ္ဌကထာ ဖွင့်နှင့်အညီပင်) အသံဟီရံ၊ တဏှာဒိဋ္ဌိတို့ဖြင့် မဆွဲငင်အပ်သော။ ဝါ၊ တဏှာ ဒိဋ္ဌိတို့ မဆွဲငင်နိုင်အောင်။ အသံကုပ္ပံ၊ တဏှာဒိဋ္ဌိတို့ကြောင့် မပျက်စီးသော။ ဝါ၊မပျက်စီးအောင်။ တံ ဝိပဿနံ၊ ပစ္စုပ္ပန်တရားကို ရှုမှတ်သော ထိုဝိပဿနာဉာဏ်ကို။ ဝိဒွါ၊ ပညာရှိသည်။ အနုဗြူဟယေ၊ ပွားစေရာ၏

ဤဘဒ္ဒေကရတ္တသုတ်၌ ခဏပစ္စုပ္ပန်ဖြစ်သော နာမ်တရားတို့ကို ဝိပဿနာရှုရ၍ မဖြစ်နိုင်သောကြောင့် အဒ္ဓါပစ္စုပ္ပန်ဟု ယူရ၏၊ ထိုအဒ္ဓါပစ္စုပ္ပန်ကိုလည်း ဝိပဿနာ၏အာရုံမှာ တဘဝလုံးကို မယူရ၊ တဘဝအတွင်း၌ ဖြစ်ဆဲဖြစ်သော အစိတ်အပိုင်း

အဒ္ဓါငယ်ကိုသာ ယူရ၏၊ ထို့ကြောင့်ပင် တတ္ထ တတ္ထ ဟူသော အာခ်ာရဝိသေသနကို ဟောတော်မူပေ၏။ ထိုပုဒ်တို့၏ အဖွင့် အဋ္ဌကထာစကားဖြင့်လည်း ဖြစ်ခိုက် ဖြစ်ခိုက် အဒ္ဓါပစ္စုပ္ပန် ငယ်ကို ယူရကြောင်းထင်ရှား၏။ ၎င်း အဋ္ဌကထာ၏ အနက်မှာ-

တတ္ထ တတ္ထာတိ၊ တတ္ထ တတ္ထ ဟူသည်ကား။ ပစ္စုပ္ပန္နမ္ပိ ဓမ္မံ၊ ပစ္စုပ္ပန်တရားကိုလည်း။ (ဝိပဿတီနှင့်စပ်) ယတ္ထ ယတ္ထေဝ၊ အကြင် အကြင်ခဏ၌သာလျှင်။ သော၊ ထိုပစ္စုပ္ပန်တရားသည်။ ဥပ္ပန္နော၊ ဖြစ်၏။ တတ္ထ တတ္ထေဝ၊ ထိုထိုဖြစ်ဆဲခဏ၌သာလျှင်။ အနိစ္စာနုပဿနာဒီဟိ၊ အ နိ စ္စာ နု ပ ဿ နာ အ စ ရှိကုန်သော။ သတ္တဟိ အနုပဿနာဟိ၊ ၇-ပါးသော အနုပဿနာတို့ဖြင့်။ ဝိပဿတိ၊ ရှုမှတ်၏။

ဤသို့သော အရာ၌ တဘဝလုံးကို အဒ္ဓါပစ္စုပ္ပန်ဟု မယူရဘဲ ဇောဝါရဖြင့် ပိုင်းခြား မှတ်ယူသင့်ကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ဒုတိယအုပ် ၆၃) ၌။

အဒ္ဓါပစ္စုပ္ပန္နံ ပန ဇဝနဝါရေန ဒီပေတဗ္ဗန္တိ သံယုတ္တအဋ္ဌကထာယံ ဝုတ္တံ၊ တံ သုဋ္ဌု ဝုတ္တံ-ဟု မိန့်ဆိုတော်မူ၏။ အနက်ကား-

အဒ္ဓါပစ္စုပ္ပန္နံ၊ အဒ္ဓါပစ္စုပ္ပန်ကို။ ဇဝနဝါရေန၊ ဇောဝါရဖြင့်။ ဒီပေတဗ္ဗံ၊ ပြအပ်၏။ ဣတိ၊ ဤသို့။ သံယုတ္တအဋ္ဌကထာယံ၊ သံယုတ္တအဋ္ဌကထာ၌။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တံ၊ ထိုသံယုတ်အဋ္ဌကထာစကားသည်။ သုဋ္ဌု ဝုတ္တံ၊ ကောင်းစွာဆိုအပ်သော စကားပါပေတည်း။

အဒ္ဓါပစ္စုပ္ပန္နံ ဇဝနဝါရေန ဒီပေတဗ္ဗံ၊ န သကလေန ပစ္စုပ္ပန္နဒ္ဓါနာတိ အဓိပ္ပါယော။ ၎င်း ဝိသုဒ္ဓိမဂ်၏အဖွင့် မဟာဋီကာ (ဒုတိယအုပ် ၆၆)

အဒ္ဓါပစ္စုပ္ပန္နံ၊ အဒ္ဓါပစ္စုပ္ပန်ကို။ ဇဝနဝါရေန၊ ဇောဝါရဖြင့်။ ဒီပေတဗ္ဗံ၊ ပြအပ်၏။ သကလေန ပစ္စုပ္ပန္နဒ္ဓါနာ၊ ပဋိသန္ဓေစုတိဖြင့် ပိုင်းခြားအပ်သော အဒ္ဓါပစ္စုပ္ပန်ကြီး တခုလုံးဖြင့်။ န ဒီပေတဗ္ဗံ၊ မပြအပ်။ ဣတိ၊ ဤသည်ကား။ အဓိပ္ပါယော၊ သံယုတ် အဋ္ဌကထာဆရာတို့၏ အလိုတော်တည်း။

ဖြင်ခိုက် ဖြစ်ခိုက် အဒ္ဓါပစ္စုပ္ပန်တရားကို ဝိပဿနာ ရှုမှတ်အပ်ကြောင်း စကားတရပ်ပြီး၏။

---

ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ။

ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

ဇာတာ ဝေဒနာ ပစ္စုပ္ပန္နာ၊ ဇာတာ သညာ ပစ္စုပ္ပန္နာ၊ တဿာ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။

ဇာတာ သင်္ခါရာ ပစ္စုပ္ပန္နာ၊ တေသံ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။

ဇာတံ ဝိညာဏံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

ဇာတံ စက္ခုံ၊ သောတံ၊ ဃာနံ၊ ဇိဝှါ၊ ကာယော၊ မနော။

ဇာတာ ရူပါ၊ သဒ္ဒါ၊ ဂန္ဓာ၊ ရသာ၊ ဖောဋ္ဌဗ္ဗာ၊ ဓမ္မာ ပစ္စုပ္ပန္နာ တေသံ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။

ဇာတံ စက္ခုဝိညာဏံ မနောဝိညာဏံ။

ဇာတော စက္ခုသမ္ဖဿော မနောသမ္ဖဿော-ဤသို့ စသည် များစွာလာ၏။ ပဋိသမ္ဘိဒါမဂ် ပါဠိတော် (၅၂)။ ဝိသုဒ္ဓိမဂ် (ဒုတိယအုပ် ၂၆၅) ၌လည်း အဖွင့်နှင့်တကွ ရှိ၏။

ပစ္စုပ္ပန္နာနံ၊ အကြောင်းကိုစွဲ၍ ဖြစ်ဆဲ ပစ္စုပ္ပန် ဖြစ်ကုန်သော။ ဓမ္မာနံ၊ သဘောတရားတို့၏။ ဝိပရိဏာမာ နုပဿနေ၊ ဖောက်ပြန်ပျက်စီးသည်ကို ရှုရာ၌။ ပညာ၊ ပညာသည်။ ဥဒယဗ္ဗယာ နုပဿနေ ဉာဏံ၊ ဥဒယဗ္ဗယဉာဏ်မည်၏။

ဇာတံ၊ ဖြစ်ဆဲသော။ ရူပံ၊ ရုပ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏။ တဿ၊ ထိုပစ္စုပ္ပန်ရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ခြင်းလက္ခဏာသည်။ ဥဒယော၊ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ပျက်စီးခြင်းလက္ခဏာသည်။ ဝယော၊ ဝယမည်၏။ အနုပဿနာ၊ ဖြစ်သည် ပျက်သည်ဟု ရှုမြင်ခြင်းသည်။ ဉာဏံ၊ ဥဒယဗ္ဗယဉာဏ် မည်၏။ (နောက်နောက်ပါဠိများ အပြည့်အစုံဖော်၍ အနက် ပေးရန် မခက်ပြီ။)

ဤပဋိသမ္ဘိဒါမဂ်၌လာသော ပစ္စုပ္ပန်မှာ ခဏိကပစ္စုပ္ပန် ဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ် မဟာဋီကာ (ဒုတိယအုပ် ၄၁၉)၌-

ပစ္စုပ္ပန္နရူပံ နာမ ဇာတံ ခဏတ္တယပရိယာပန္နန္တိ အတ္ထော၊ တံ ပန အာဒိတော ဒုပ္ပရိဂ္ဂဟန္တိ သန္တတိပစ္စုပ္ပန္နဝသေန ဝိပဿနာ ဘိနိဝေသော ကာတဗ္ဗော-ဟုဖွင့်ပြတော်မူ၏။

ပစ္စုပ္ပန္နရူပံ နာမ၊ ပစ္စုပ္ပန်ရုပ်မည်သည်ကား။ ဇာတံ၊ ဖြစ်ဆဲ ရုပ်တည်း။ ခဏတ္တယပရိယာပန္နံ၊ ခဏငယ်သုံးပါး၌ အတွင်းဝင်သော ရုပ်တည်း။ ဣတိ အတ္ထော၊ ဤကားအနက်။ တံ ပန၊ ထိုခဏိက ပစ္စုပ္ပန်ရုပ်ကိုကား။ အာဒိတော၊ အစ၌။ ဒုပ္ပရိဂ္ဂဟံ၊ သိမ်းဆည်း ရှုမှတ်နိုင်ခဲ၏။ ဣတိ၊ ထို့ကြောင့်။ အာဒိမှိ၊ အစ၌ (ထည့်ပုဒ်) သန္တတိပစ္စုပ္ပန္န ဝသေန၊ သန္တတိပစ္စုပ္ပန်၏ အစွမ်းအားဖြင့်။ ဝိပဿနာ ဘိနိဝေသော၊ ရှုမှတ်နှလုံး သွင်းခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။

ယံ ပန နိဗ္ဗတ္တိလက္ခဏ ဝိပရိဏာမလက္ခဏာနိ ပဿန္တော ခန္ဓာနံ ဥဒယဗ္ဗယံ ပဿတိ၊ ဣဒမဿ ခဏတော ဥဒယဗ္ဗယ ဒဿနံ။ ဝိသုဒ္ဓိမဂ် (ဒုတိယအုပ် ၂၆၇)

နိဗ္ဗတ္တိ လက္ခဏ ဝိပရိဏာမ လက္ခဏာနိ ပဿန္တော၊ ဖြစ်ခြင်းလက္ခဏာ ပျက်ခြင်းလက္ခဏာတို့ကို ရှုမှတ်လျက်။ ခန္ဓာနံ ဥဒယဗ္ဗယံ၊ ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက်ကို။ ယံ ပဿတိ၊ အကြင်ရှုမြင်၏။ ဣဒံ၊ ဤရှုမြင်ခြင်းသည်။ အဿ၊ ထိုယောဂီ၏။ ခဏတော ဥဒယဗ္ဗယ ဒဿနံ၊ ခဏအားဖြင့် အဖြစ်အပျက်ကို မြင်ခြင်းမည်၏။

ယသ္မာ ဥပ္ပါဒက္ခဏေယေဝ နိဗ္ဗတ္တိလက္ခဏံ၊ ဘင်္ဂက္ခဏေယေဝ စ ဝိပရိဏာမလက္ခဏံ၊ တသ္မာ တာနိ ပဿန္တော ခဏတော ခန္ဓာနံ ဥဒယဗ္ဗယေ ပဿတိ နာမ။ ၎င်း ဝိသုဒ္ဓိမဂ်၏အဖွင့် မဟာဋီကာ(ဒုတိယအုပ် ၄၂၃)

ယသ္မာ၊ အကြင်ကြောင့်။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ခြင်းလက္ခဏာသည်။ ဥပ္ပါဒက္ခဏေယေဝ၊ ဖြစ်ဆဲခဏ၌သာလျှင်။ အတ္ထိ၊ ရှိ၏။ ဝိပရိဏာမ လက္ခဏဉ္စ၊ ပျက်ခြင်း လက္ခဏာသည်လည်း။ ဘင်္ဂက္ခဏေယေဝ၊ ပျက်ဆဲ ခဏ၌သာလျှင်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထိုကြောင့်။တာနိ၊ထိုဖြစ်ဆဲခဏ၌သာရှိသော ဖြစ်ခြင်းလက္ခဏာနှင့် ပျက်ဆဲခဏ၌သာရှိသော ပျက်ခြင်းလက္ခဏာတို့ကို။ ပဿန္တော၊ ရှုမြင်သောသူသည်။ခဏတော၊ ခဏအားဖြင့်။ ခန္ဓာနံ ဥဒယဗ္ဗယေ၊ ခန္ဓာငါးပါးတို့၏အဖြစ် အပျက်တို့ကို။ ပဿတိ နာမ၊ ရှုမြင်သည် မည်၏။

ပဌမဉ္စ ပစ္စုပ္ပန္နဓမ္မာနံ ဥဒယဗ္ဗယံ ဒိသွာ အထ အတီတာ နာဂတေ နယံ နေတိ။ ဂုင်းဝိသုဒ္ဓိမဂ် မဟာဋီကာ (ဒုတိယအုပ် ၄၂၃)

ပဌမံ၊ ရှေးဦးစွာ။ ပစ္စုပ္ပန္န ဓမ္မာနံ၊ ပစ္စုပ္ပန်တရားတို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ဒိသွာ၊ ရှုမြင်ပြီး၍။ အထ၊ ထိုမှနောက်၌။ အတီတာနာဂတေ၊ အတိတ် အနာဂတ်တရား၌။ နယံ၊ နည်းကို။ ဝါ၊ အသိဉာဏ်ကို။ နေတိ၊ ဆောင်၏။ ဝါ၊ ဖြစ်စေ၏။

